# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ တော်သလင်းလပြည့် ၊ စနေနေ့ ၊ (26-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၅

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သက်တော် ၉၉ နှစ် သိက္ခာတော် ၇၉ ဝါရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ချမ်းမြေ့ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၁၆ ကော်လံ ၁

## အစီအစဉ်အတိုင်း ပင့်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပည့်ဒါယကာများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြစဉ်။

**ရတနာပုံ ယနေ့ ဖတ်စရာ**

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ

စာမျက်နှာ - ၈

## ချေးငွေလျှော်ထားရယူနိုင်ကြောင်း ဆီစက်လုပ်ငန်းရှင်များသို့ အသိပေးကြေညာ

၁။ နိုင်ငံတော်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့သည် ပြည်တွင်းရှိ ဆီစက်များ အဆင့်မီစက်ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် စာမျက်နှာ ၂၃ ကော်လံ ၁

## ဧရာဝတီမြစ်ခွဲ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ စာမျက်နှာ ၂၁ ကော်လံ ၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## အနောက်တောင် မုတ်သုံလေ ဆုတ်ခွာသည့်အခြေအနေ




၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်များပြပုံ။

နေပြည်တော် စက်တင်ဘာ ၂၅

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှ ဆုတ်ခွာခဲ့ပြီး ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

တော်သလင်းလသည် မြန်မာ့ဆယ့်နှစ်လရာသီ၏ ဆဋ္ဌမမြောက်လဖြစ်ပြီး ယနေ့သည် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့သည် မြတ်စွာဘုရားလက်ထက်တော်ကပင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ဘုရားအလောင်းတော်ဘဝက ကုရုတိုင်းတွင် မင်းအဖြစ်အုပ်ချုပ်ရာ၌ ငါးပါးသီလ (ကုရုဓမ္မ)ကို စောင့်ထိန်းပြီး မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်ခဲ့သည်။ ထိုသို့ ကုရုတိုင်းတွင် ငါးပါးသီလကို ဘုရားအလောင်းတော်မင်း စောင့်ထိန်းသကဲ့သို့ မယ်တော်ကြီး၊ မိဖုရားကြီး၊ အိမ်ရှေ့မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည်လည်း ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းခဲ့ကြသည်။ ထိုသို့ငါးပါးသီလကို စောင့်ထိန်းမှုကြောင့် တိုင်းပြည်တွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးပြီး မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါးပေါများ၍ အေးချမ်းသာယာဝပြောခဲ့သည်။

ကုရုတိုင်းပြည်အနီးရှိ ကာလိင်္ဂမင်းအုပ်ချုပ်လျက်ရှိသည့် ကာလိင်္ဂတိုင်းတွင်မူ ငတ်မွတ်ခြင်း၊ ရောဂါဘယထူပြောခြင်း၊ မိုးရွာသွန်းခြင်းမရှိဘဲ မိုးခေါင်ခြင်း စသည့်ကပ်ဘေးများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မိုးရွာသွန်းစေရန် ကာလိင်္ဂမင်းသည် မင်းကျင့်တရားဆယ်ပါးနှင့်အညီ ပြုမူနေထိုင်၍ ဒါန၊ သီလများ ပြုကျင့်စောင့်ထိန်းသော်လည်း မိုးရွာသွန်းခြင်းမရှိခဲ့ပေ။ ထို့နောက် မိုးရွာစေရန် ကုရုတိုင်းရှိ ဆင်ဖြူတော်ကို အလှူခံပြီး သယ်ဆောင်ပါသော်လည်း မိုးရွာခြင်းမရှိခဲ့ပေ။

ထို့နောက် ကုရုတိုင်းမှ ဘုရားအလောင်းတော်မင်းအပါအဝင် တိုင်းသူပြည်သားများအားလုံး ငါးပါးသီလကို စောင့်ထိန်းမှုကြောင့် တိုင်းပြည်၏ ရာသီဥတုကောင်းမွန်ပြီး အေးချမ်းသာယာဝပြောစည်ပင်လျက်ရှိသည်ကို ကာလိင်္ဂတိုင်းမင်းနှင့် တိုင်းသူပြည်သားများက သိရှိနားလည်သဘောပေါက်လာကြပြီးနောက် ငါးပါးသီလပွားများ ဆောက်တည်စောင့်ထိန်းမှုပြုခဲ့ကြသဖြင့် ကာလိင်္ဂတိုင်းသည် ရာသီဥတုကောင်းမွန်မှန်ကန်လာပြီး ငတ်မွတ်ခြင်း၊ ရောဂါဘယထူပြောခြင်း၊ မိုးရွာသွန်းခြင်းမရှိဘဲမိုးခေါင်ခြင်း စသည့်ကပ်ဘေးများမှလွတ်ကင်းပြီး တိုင်းပြည်အေးချမ်းသာယာဝပြောခဲ့သည်။ ထိုသို့ ကုရုတိုင်းမှ ဘုရားအလောင်းတော်မင်းအပါအဝင် တိုင်းသူပြည်သားများအားလုံး အမြဲမပြတ် စောင့်ထိန်းကြသည့် ငါးပါးသီလကို အကြောင်းပြု၍ တော်သလင်းလပြည့်နေ့ကို ကုရုဓမ္မ (ဂရုဓမ္မ) အခါတော်နေ့ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်သည်။

ဂရုဓမ္မဟူသည် သူတစ်ပါးအသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းခိုးယူခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို အထူးရှောင်ကြဉ်ဆောက်တည်ရသော ငါးပါးသီလတရားပင်ဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင် ပြည်သူများအနေဖြင့် တော်သလင်းလပြည့်ကုရုဓမ္မ(ဂရုဓမ္မ)အခါတော်နေ့ အခါသမယတွင် ငါးပါးသီလစောင့်ထိန်းခြင်းအမှုကို ပြုလုပ်ဆောင်ရွက်ကြခြင်းဖြစ်သည်။

သို့ဖြစ်ပါ၍ ကိုယ်ကျင့်သီလကောင်းမွန်ရေးအတွက် အခြေခံကျသည့် ငါးပါးသီလကို ယနေ့တွင် ကျရောက်သော တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) တွင်သာမက အစဉ်အမြဲ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ စောင့်ထိန်းလိုက်နာကာ လုံခြုံအောင်ထိန်းသိမ်းကြခြင်းဖြင့် ယခုဘဝတွင်သာမက နောင်သံသရာဘဝများထိပါ ကောင်းကျိုးချမ်းသာအဖြာဖြာကို ခံစားကြရမည်ဖြစ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပေသည်။

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၀၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေးဝ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၀၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၇၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ မတ်ပဲဧက ၁၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့အတွက် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# စဉ့်ကိုင်မြို့နယ် မက္ခရာကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မက္ခရာကျေးရွာ၌ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ သိန်း ၇ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမက္ခရာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၃ ဒသမ ၆ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးထံမှ သိရသည်။

**အောင်ရဲကျော်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခေါင်းပွပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခေါင်းပွပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွပိဿာချိန် ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးခေါင်းပွပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခေါင်းပွတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးခေါင်းပွတွေ အများဆုံး တင်ပို့ရောင်းချရပါတယ်။ ငါးခေါင်းပွတွေ ကုန်ချိန်အများအပြား တင်ပို့ရတော့ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေပါတယ်"ဟု ဓနုဖြူမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းမော်က ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခေါင်းပွအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချအား ကောင်းလာသောကြောင့် ငါးမွေးမြူသူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေ လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# အမရပူရမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**အမရပူရ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အမက (ပိန်းတန်း) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ဗဟုသုတစာများတိုးပွားလာစေရန်၊ စာဖတ်သည့်အလေ့အထများနှင့် နှုတ်မှုစွမ်းရည်များ တိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက်က အဆိုပါဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်သန္တာထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပတ်သက်ပြီး အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူနှင့် ဆရာ၊ဆရာမများက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံပြပွဲများကို စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**လဲ့လဲ့နိုင်(အမရပူရ)**

# ပုသိမ်ကြီးမြို့နယ် သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သုံးအိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၁၀၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၉၁၀၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၁၀၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၂၃၆၀ နှင့် ပင်လည်ဘူးမြို့နယ်တွင် ၆၃၈ ဧက စုစုပေါင်း ၉၁၀၃ ဧက တို့ဖြစ်ကြောင်း၊ အဆိုပါ မြေပဲကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မြေပဲ ဧက ၉၁၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်" ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ရမ်းကျေးရွာအုပ်စု မိုးညှင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မိုးညှင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၆၀ ကို ရန်ပုံငွေကျပ် သန်း ၅၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းကဏန်းပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပန်းကဏန်းပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပန်းကဏန်းပိဿာချိန် ၃၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပန်းကဏန်းပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ပန်းကဏန်းတွေကို ဝယ်ယူမှုများပြားလာပါတယ်။ ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချတဲ့ ပန်းကဏန်းတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်မှုလဲရှိပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပန်းကဏန်း ပိဿာချိန် ၄၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ပန်းကဏန်းများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၄၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပန်းကဏန်းများ အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင် ပဲနံ့သာ

ဒေါက်တာလပြည့်ခင်

ပဲနံ့သာပင်သည် ကျန်းမာရေးနှင့်ညီညွတ်သည့် အစိမ်းရောင်ဟင်းသီးဟင်းရွက်အပင်တစ်မျိုးဖြစ်ပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ်လည်းကောင်း၊ ဆေးဖက်ဝင်အပင်အဖြစ်လည်းကောင်း ရှေးယခင်ကတည်းက ကျယ်ပြန့်စွာအသုံးပြုခဲ့ကြသည်။ အပင်ငယ်တစ်မျိုးဖြစ်ပြီး သိပ္ပံအမည်နှင့်မျိုးရင်းမှာ Trigonella foenum-graecum နှင့် Fabaceae (ပဲမျိုးရင်းဝင်)ဖြစ်သည်။ ပဲနံ့သာပင်သည် စိမ်းဖျော့ဖျော့အရွက်ကလေးများနှင့် အဖြူရောင်ပန်းပွင့်ငယ်လေးများ ပွင့်သည့် တစ်နှစ်ခံပင်တစ်မျိုးဖြစ်သည်။ ပဲနံ့သာပင်၏အစေ့သည် အနည်းငယ်ဖန်သည့်အရသာရှိပြီး ဟင်းခတ်အမွှေးအကြိုင်များတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။

**စိုက်ပျိုးသည့်ဒေသများ**

ပဲနံ့သာပင်၏ မူလဇာစ်မြစ်မှာ မြေထဲပင်လယ်ဒေသ၊ တောင်ပိုင်းဥရောပနှင့် အာရှတောင်ပိုင်းတို့ဖြစ်ကြသည်။ ရှေးခေတ်အီဂျစ်၊ ဂရိနှင့် ရောမလူမျိုးများသည် ပဲနံ့သာကို အစားအစာ၊ ဆေးဝါးနှင့် တိရစ္ဆာန်အစာအဖြစ် နှစ်ပေါင်းထောင်ချီကတည်းက အသုံးပြုခဲ့ကြသည်။ ပဲနံ့သာရွက်သည် ဥရောပ၊ အာရှနှင့် အာဖရိကနိုင်ငံတို့တွင် စိုက်ပျိုးပေါက်ရောက်ကြပြီး အိန္ဒိယနှင့် ယီမင်နိုင်ငံတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲနံ့သာအများဆုံးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများတွင်လည်း ကျယ်ပြန့်စွာစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် အထက်မြန်မာပြည်(အလယ်ပိုင်းမိုးနည်းရေရှားဒေသများ)တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးကြသည်။

**အသုံးပြုပုံ**

အခြောက်လှန်းထားသော ပဲနံ့သာအစေ့ကို အမှုန့်ပြုလုပ်၍ ဟင်းလျာများ၊ အိန္ဒိယဟင်းခတ်အမွှေးအကြိုင်များနှင့် အချိုပွဲများတွင် အနံ့နှင့်အရသာအတွက် အဓိကထည့်သွင်းအသုံးပြုကြသည်။ ပဲနံ့သာစေ့ကို ရေနူးအောင်စိမ်၍သော်လည်းကောင်း၊ ရေနွေးဆူဆူတွင်ခတ်၍သော်လည်းကောင်း ဆေးဖက်ဝင်ရေနွေးကြမ်းအဖြစ် သောက်သုံးကြသည်။ ပဲနံ့သာစေ့ကို ရေစိမ်၍ နံနက်ခင်းတွင်သောက်သုံးခြင်း သို့မဟုတ် အညှောက်ဖောက်၍ သုပ်စားခြင်းများပြုလုပ်ကြသည်။ ပဲနံ့သာအရွက်စိုကို ဟင်းသီးဟင်းရွက်အဖြစ် ချက်ပြုတ်စားသုံးကြပြီး အရွက်ခြောက်(Kasuri Methi)ကို အိန္ဒိယဟင်းလျာများတွင် အနံ့မွှေးစေရန် အသုံးပြုကြသည်။

ပဲနံ့သာစေ့ကိုစား၍ရသလို အနှစ်ဖျော်ပြီး အရေပြားတွင်လူးပေးခြင်းဖြင့် ရောင်ရမ်းခြင်းကို သက်သာစေနိုင်သည့်အစွမ်းအာနိသင်ရှိပြီး ဆပ်ပြာများနှင့် အလှကုန်များထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ ပဲနံ့သာစေ့အဆီတွင် ဘက်တီးရီးယားများကို သေစေနိုင်စွမ်းရှိသကဲ့သို့ ဆီးချိုကိုလည်း သက်သာစေနိုင်သည့်အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများလည်း ကြွယ်ဝစွာပါဝင်နေသဖြင့် အစားအသောက်များချက်ပြုတ်ပြင်ဆင်ရာတွင်လည်း အသုံးပြုနိုင်သည်။

ပဲနံ့သာရွက်တွင် ဗီတာမင် A၊ ဖောလစ်အက်စစ်(ဗီတာမင် B9)၊ သီရာမင်းဗီတာမင်(B6)၊ ဗီတာမင် B6၊ ဗီတာမင် C၊ ဗီတာမင် K၊ နိုက်ရာစင်(ဗီတာမင် B3)၊ ရိုက်ဗိုဖလာဗင်(ဗီတာမင် B6)၊ ပိုတက်စီယမ်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့် ဖော့စဖရတ်တို့ ပါဝင်နေသည်။ ပဲနံ့သာစေ့တွင် စိမ့်ဝင်လွယ်သောအမျှင်ဓာတ်၊ ပရိုတင်းနှင့်သံဓာတ်၊ မဂ္ဂနီစီယမ်နှင့် မဂ္ဂနီးစ်၊ ဗီတာမင်B6၊ ဆာပိုနင်ဓာတ်နှင့် ဖလာဗိုနွိုက်ကဲ့သို့သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် အာဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည်။

သွေးတွင်းအဆီများခြင်းကို သက်သာစေရန်ဖြစ်စေ၊ ကာကွယ်ရန်ဖြစ်စေ ပဲနံ့သာရွက်ကို စားပေးခြင်းဖြင့် သွေးတွင်းရှိ မကောင်းသည့်ကိုလက်စထရောပမာဏ(LDL)ကိုကျဆင်းစေပြီး နှလုံးကျန်းမာရေးကို အထောက်အကူပြုသော ကိုလက်စထရောပမာဏမြင့်တက်စေရန် ထောက်ကူပေးနိုင်သည်။



အစာခြေစနစ်၏ အစိတ်အပိုင်းများဖြစ်သည့် အသည်း၊ အူလမ်းကြောင်း၊ အစာအိမ် အစရှိသည်တို့ကျန်းမာစေရန် ပဲနံ့သာရွက်ကို စားပေးနိုင်သကဲ့သို့ အစာခြေစနစ် ကျန်းမာရေးပြဿနာများဖြစ်ကြသည့် ရင်ပူခြင်း၊ လေပွခြင်း၊ လေထိုးလေအောင့်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဗိုက်အောင့်ခြင်းနှင့် အစာမကြေခြင်းတို့ကိုသက်သာစေရန်လည်း ပဲနံ့သာရွက်ကို စားပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ပဲနံ့သာရွက်နှင့်ပဲနံ့သာစေ့တွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သဖြင့် အစာခြေဖျက်မှုကို နှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ရုတ်တရက်သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းမျိုးမဖြစ်စေရန် ကာကွယ်ပေးသောကြောင့် ဆီးချိုကိုထိန်းညှိရန်အတွက်ဖြစ်စေ၊ သက်သာစေရန်ဖြစ်စေ အသုံးပြုပေးနိုင်သည်။ ပဲနံ့သာရွက်နှင့် ပဲနံ့သာစေ့သည် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးပြီး အင်ဆူလင်တုံ့ပြန်မှုကို ကောင်းမွန်စေသောကြောင့် ဆီးချိုရောဂါရှိသူများအတွက် အထူးကောင်းမွန်သည်။

**ဆီးချိုရောဂါအတွက် သွေးတွင်းသကြားဓာတ်ထိန်းညှိပေးခြင်း**

ပဲနံ့သာစေ့ကို ဆီးချိုရောဂါအတွက် သွေးတွင်းသကြားဓာတ်ထိန်းညှိရန်သောက်သုံးလိုပါက နည်းလမ်းသုံးမျိုးဖြင့် ပြင်ဆင်သောက်သုံးနိုင်သည်။ ပထမရေစိမ်သောက်သည့်နည်းလမ်းမှာ အသုံးအများဆုံးနှင့်အထိရောက်ဆုံးဖြစ်ပြီး ပဲနံ့သာစေ့ လက်ဖက်ရည်ဇွန်းတစ်ဇွန်း (ငါးဂရမ်ခန့်)ကို သန့်ရှင်းသောရေအေး သို့မဟုတ် ရေနွေးနွေးတစ်ဖန်ခွက်ထဲတွင် ညဘက်၌ ရေစိမ်ထားပြီး နံနက်မိုးလင်းအစာမရှိသေးမီ (အစာမစားမီ)စိမ်ထားသောရေကိုသောက်သုံးပြီး ရေစိမ်ထား၍ ပျော့သွားသောပဲနံ့သာစေ့များကိုလည်း သေချာဝါးစားပေးရမည်။ ဒုတိယ အမှုန့်ပြုလုပ်၍ သောက်သည့်နည်းလမ်းမှာ ပဲနံ့သာစေ့ကို မီးအေးအေးဖြင့် အနည်းငယ်လှော်ပြီး အမှုန့်ကြိတ်ထားပြီး ပဲနံ့သာစေ့အမှုန့် လက်ဖက်ရည်ဇွန်းတစ်ဝက်မှ တစ်ဇွန်းခန့်ကို ရေနွေးတစ်ခွက်တွင်ဖျော်၍ နံနက်စာ သို့မဟုတ် ညစာမစားမီ မိနစ် ၃၀ ကြိုတင်၍ သောက်ပေးနိုင်သည်။ တတိယ ရေနွေးကြမ်း၊ လက်ဖက်ရည်အဖြစ် သောက်သည့်နည်းလမ်းမှာ ပဲနံ့သာစေ့ လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေနွေးဆူဆူထဲသို့ထည့်၍ ငါးမိနစ်မှ ၁၀ မိနစ်ထိ စိမ်ထားပြီး စစ်ယူထားသော ရေနွေးကြမ်းကို နေ့စဉ်အစားအစာမစားမီ သောက်သုံးပေးနိုင်သည်။

သွေးတွင်းအဆီများကိုကျဆင်းစေပြီး သွေးကြောများထဲတွင် အနယ်အနှစ်များစုပုံမှုကို အတိုင်းအတာတစ်ခုထိ လျှော့ချပေးနိုင်သောကြောင့် နှလုံးသွေးကြောကျဉ်းခြင်းအပါအဝင် သွေးခဲပိတ်ဆို့ခြင်းတို့ကို အတိုင်းအတာတစ်ခုထိ လျှော့ချပေးနိုင်သည်။

ပဲနံ့သာရွက်တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းကြွယ်ဝစွာပါဝင်မှုကြောင့် ဓာတ်တိုးပစ္စည်းများကြောင့်ဖြစ်တတ်သည့် နာတာရှည်ကျန်းမာရေးပြဿနာများဖြစ်ကြသည့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအပါအဝင် လေဖြတ်ခြင်းတို့ကို ကာကွယ်ရန် အသုံးပြုပေးနိုင်သည်။ ပဲနံ့သာရွက်နှင့်အစေ့သည် Testosterone ဟော်မုန်းကို မြှင့်တင်ပေးနိုင်သောကြောင့် အာရုံကြောနှင့် လိင်ပိုင်းဆိုင်ရာအားအင်ကို တိုးတက်စေသည်။

အရေပြားပေါ်မှအမည်းစက်များ၊ ဝက်ခြံအမာရွတ်များ၊ အမာရွတ်အနာအဆာများကို သက်သာစေရန်ဖြစ်စေ ပဲနံ့သာရွက်ကို စားပေးနိုင်သကဲ့သို့ သတ္တုရည်ကို အရေပြားပေါ်တွင် လိမ်းပေးလျှင်လည်း အရေပြားချောမွေ့ကောင်းမွန်စေသည်။

**ဆံသားကျန်းမာစေခြင်း**

ဆံပင်ကျွတ်ခြင်းကိုသက်သာစေပြီး ဆံပင်ကို နက်မှောင်သန်စွမ်းစေရန်အတွက် ဦးရေပြားတွင် တိုက်ရိုက်အသုံးပြုပေးနိုင်သည်။ ဓာတုပစ္စည်းများကြောင့် ဆံသားပျက်စီးမှုကိုသက်သာစေရန်နှင့် ဗောက်ပျောက်စေရန်လည်း ပဲနံ့သာရွက်ကို အသုံးပြုပေးနိုင်သည်။

**ကျောက်ကပ်ကျန်းမာစေခြင်း**

ကျောက်ကပ်တွင် ကျောက်တည်ခြင်းကို သက်သာစေသကဲ့သို့ ကျောက်ကပ်ကျန်းမာစေရန်အတွက်လည်း ပဲနံ့သာရွက်ကိုအသုံးပြုပေးနိုင်သည်။ မိခင်နို့အထွက်နည်းသော နို့တိုက်မိခင်များအတွက် နို့ထွက်နှုန်းတိုးစေသည့် သဘာဝအာနိသင်ရှိသော ပဲနံ့သာစေ့နှင့်ပဲနံ့သာရွက်ကို စားသုံးပေးသင့်သည်။

**သတိထားရန်လို**

ပဲနံ့သာရွက်သည် ကျန်းမာရေးအတွက် ကောင်းသည်ဆိုသော်လည်း ရောဂါအခံရှိသူများ၊ ဆေးဝါးတစ်မျိုးမျိုး သောက်သုံးနေရသူများအနေနှင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသုံးသင့်သည်။ ဆီးချိုဆေးများ၊ အဆီကျဆေးများ၊ သွေးပေါင်ကျဆေးများနှင့်အတူတွဲသောက်ခြင်းများမလုပ်သင့်ပေ။ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များအနေနှင့် အလွန်အကျွံမစားမိရန်လိုသည်။ တစ်နေ့လျှင် ငါးဂရမ်မှ ၁၀ ဂရမ်ထက် ပိုမသောက်သင့်ဘဲ ပမာဏလွန်ကဲပါက ဝမ်းဗိုက်လေပွခြင်း၊ ဝမ်းလျှောခြင်း သို့မဟုတ် ဗိုက်အောင့်ခြင်းတို့ဖြစ်နိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်များ သားအိမ်ညှစ်အားကို လှုံ့ဆော်နိုင်သဖြင့် အန္တရာယ်ရှိနိုင်ခြင်း၊ ခွဲစိတ်ကုသမှုခံယူမည့်သူများ သွေးမခဲခြင်းကိုဖြစ်စေနိုင်ခြင်းကြောင့် ရှောင်ကြဉ်သင့်သည်။ ပုံမှန်ပမာဏအတိုင်း ဆေးဝါး သို့မဟုတ် ဟင်းခတ်အမွှေးအကြိုင်အဖြစ်သာ သင့်တင့်စွာ စားသုံးသင့်သည်။

ပဲနံ့သာစေ့သည် သွေးတွင်း သကြားဓာတ်ကို လျှော့ချပေးသည့်အာနိသင်ရှိသဖြင့် ဆီးချိုသောက်ဆေး သို့မဟုတ် အင်ဆူလင်ထိုးနေရသူများအနေဖြင့် သွေးတွင်းသကြားဓာတ်အလွန်အမင်းကျသွားခြင်းမဖြစ်စေရန် မကြာခဏသွေးတွင်းသကြားဓာတ်ကို တိုင်းတာစစ်ဆေးသင့်သည်။ အစေ့ကို ရေစိမ်၍ သောက်ပါက ခါးသက်သောအရသာလျှော့ရန် ပျားရည်နှင့် တွဲဖက်သောက်သုံးရန် လိုအပ်သည်။

**အနှစ်ချုပ်**

ပဲနံ့သာရွက်သည် သွေးချိုထိန်းပေးခြင်း၊ သွေးတွင်းအဆီကျစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ကျောက်ကပ်ကျန်းမာစေခြင်း၊ အသည်းကျန်းမာစေခြင်း၊ နာတာရှည်ရောဂါများ ကာကွယ်ပေးခြင်း၊ အသားအရေကျန်းမာစေခြင်း၊ ဆံသားကျန်းမာစေခြင်း၊ သွေးသကြားဓာတ်ထိန်းပေးခြင်း၊ အစာခြေစနစ်တိုးတက်စေခြင်း၊ နို့ထွက်ကောင်းစေခြင်း၊ ရောင်ရမ်းမှုလျှော့ချပေးခြင်းတို့ဖြစ်နိုင်သော်လည်း ဆိုးကျိုးများအနေဖြင့် အလွန်အကျွံစားသုံးပါက ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ဆီးနှင့်ချွေးမှ ပဲနံ့သာနံ့ထွက်ခြင်း၊ သွေးတွင်းသကြားဓာတ် လွန်ကဲစွာကျဆင်းခြင်းတို့ဖြစ်နိုင်သောကြောင့် ဆင်ခြင်စားသုံးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဂရုဓမ္မ မြတ်သီလ

\- ဂရုဓမ္မခေါ်မည်သ
သီလက ပဉ္စသီ၊
ခါးဝတ်ထည်ခိုင်ခိုင်မြဲ
ငရဲလွတ်ပြီ၊
ကျိုးထူးရ ဤလောကီ
ပေါ်လှိုင်စည် ဆန်ရေစပါး၊
ဘေးတကာ ရန်ဖယ်ရှား
ကာကွယ်ပြီးသား။

\- အလောင်းတော် နုစဉ်ဘဝ
ဣန္ဒပတ္တနဂိုရ်ပြည်၊
ဘုရင်မည် ကောရဗျ
သီလစင်ကြည်၊
မှူးမတ်အစ ပြည်သူညီ
ပဉ္စသီ ခါးဝတ်ပုဆိုး၊
စဉ်မကွာ ဒါနမျိုး
စားရိက္ခာ ပြည့်လျှံတိုး
တိုင်းရွှေပြည်သာယာဖြိုး
ပဉ္စသီအကျိုး။

\- ပဉ္စသီ သီလမြဲလို့
ထုံစွဲဖို့သူသူငါ
အမျိုးသားရေးတာ၊
လောကီနဲ့ လောကုတ္တရာ
ပြည်မြန်မာ အနာဂတ်အကျိုး၊
ကမ္ဘာရွာ သာယာဖြိုးဖို့
တက်လက်ညီသဒ္ဓါတိုး
ကိုယ်စီသယ်ပိုး။ ။

ကျော်စောဟန်

(ဂရုဓမ္မအခါတော်နေ့ကို ဂုဏ်ပြုပူဇော်ပါသည်။)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၀၉၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ဧက ၁၀၉၅၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးခဲ့တာတွေရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ခင်သာကျေးရွာ၌ နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့ဖြစ်သည့် ပိတောက်၊ ငုဝါ၊ ကံ့ကော်၊ ချယ်ရီ စသည့်အဖွဲ့များမှ အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်ထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# မင်းဘူးမြို့နယ် ဇရပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဇရပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇရပ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၈၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၇၈ သိန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၄၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

# ၈၁ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အစ္စရေးဝန်ကြီးချုပ် မိန့်ခွန်းပြောကြား

**နယူးယောက် စက်တင်ဘာ ၂၅**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပခဲ့သော ၈၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု မိန့်ခွန်းပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းတွင် ဝန်ကြီးချုပ် နေတန်ယာဟုက အစ္စရေးနိုင်ငံ၏ အရှေ့အလယ်ပိုင်း ဒေသတွင်း လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ခုခံကာကွယ်ခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် စက်တင်ဘာ ၂၄ ရက် ကုလသမဂ္ဂအထွေထွေ ညီလာခံ မိန့်ခွန်းတွင် နယူးယောက်မြို့တော်ဝန် ဇိုရန်းမမ်ဒါနီအပါအဝင် ၎င်း၏ နိုင်ငံရေးရန်ဘက်များကို ပြင်းထန်စွာ ဝေဖန်ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် မိန့်ခွန်း ပြောကြားစဉ် ဂါဇာကမ်းမြောင် စစ်ရေးပဋိပက္ခကို ကန့်ကွက်သည့်အနေဖြင့် နိုင်ငံတကာကိုယ်စားလှယ်အများအပြား အထွေထွေညီလာခံ ခန်းမဆောင်ပြင်ပသို့ ထွက်ခွာဆန္ဒပြခဲ့ကြသည်။

ဂါဇာကမ်းမြောင် စစ်ရေး ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတကာဖိအားပေးမှုနှင့် ရင်ဆိုင်နေရချိန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည့် အစ္စရေး အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရန်လည်း ရုန်းကန်နေရကြောင်းသိရသည်။

Ref : RT
Trs : KKO



# မက္ကာသုံးနိုင်ငံ ကာကွယ်ရေးသဘောတူညီချက်အရ အရေးပေါ်ဆွေးနွေး

**ရီယာ့ဒ် စက်တင်ဘာ ၂၅**

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံကို တိုက်ခိုက်နေချိန်တွင် မက္ကာသုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေးစာချုပ်အရ အရေးပေါ်ဆွေးနွေးပွဲကို ဆော်ဒီအာရေဗျ၊ တူကီယဲ၊ ပါကစ္စတန်နိုင်ငံတို့က ယနေ့တွင် ကျင်းပခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အီရန်၏ဒေသတွင်း မဟာမိတ်အဖွဲ့ဖြစ်သည့် ဟူသီလက်နက်ကိုင်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံကို စစ်ရေးအရအကြိမ်ကြိမ် တိုက်ခိုက်လျက်ရှိရာ ဆော်ဒီရေနံပိုက်လုပ်ငန်းများ ထိခိုက်ပျက်စီးနေရသည်။

စက်တင်ဘာ ၂၄ ရက်ကလည်း ဟူသီ လက်နက်ကိုင်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံ အတွင်းရှိ ပစ်မှတ်များကို ဒုံးကျည်များ၊ မောင်းသူမဲ့ ဒရုန်းယာဉ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ယနေ့တွင် မက္ကာသုံးနိုင်ငံ အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်အရ ဆော်ဒီအာရေဗျ၊ တူကီယဲ၊ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဆော်ဒီအာရေဗျ အစိုးရတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆော်ဒီအာရေဗျ၊ တူကီယဲ၊ ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးတို့သည် မက္ကာမြို့နှင့် အခြား အရပ်ဘက်နေရာများကို ဟူသီလက်နက်ကိုင်အဖွဲ့က ပစ်မှတ်ထားတိုက်ခိုက်မှုများကို ဝေဖန် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံ၏ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်ကိုလည်း မက္ကာစာချုပ်ဝင်သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ထပ်လောင်း အတည်ပြုခဲ့သည်ဟု ဆော်ဒီအာရေဗျ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရသည်။

Ref : RT
Trs : KKO

# တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့ ဝါရှင်တန်မြို့၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ



**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် စက်တင်ဘာ ၂၄ ရက်တွင် ဝါရှင်တန်မြို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်ဟု တရုတ်အစိုးရသတင်းမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲတွင် တရုတ်နှင့် အမေရိကန်ခေါင်းဆောင်များသည် လူ့ဉာဏ်ရည်တု နည်းပညာ၊ ကုန်သွယ်ရေး၊ တရုတ်(တိုင်ပေ)ကိစ္စ၊ အီရန် စစ်ရေးပဋိပက္ခတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝါရှင်တန် ထိပ်သီးဆွေးနွေးပွဲတွင် မိမိနှင့် သမ္မတဒေါ်နယ်ထရမ့်တို့အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုမဟာဗျူဟာမြောက် ထိန်းကျောင်းပေးနိုင်မည့် ဘုံနားလည်မှုတစ်ရပ်ရယူနိုင်ခဲ့ကြောင်း ဆွေးနွေးပွဲအပြီးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားထားသည်။

စက်တင်ဘာ ၂၄ ရက် ဝါရှင်တန် ထိပ်သီးဆွေးနွေးပွဲနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို တရုတ်နှင့် အမေရိကန်နှစ်ဖက်လုံးက ထုတ်ပြန်ခြင်းမရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါထိပ်သီးဆွေးနွေးပွဲ၌ တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့သည် အေပက် ထိပ်သီးညီလာခံနှင့် ဂျီ-၂၀ ထိပ်သီးညီလာခံတို့ကို အိမ်ရှင်များအဖြစ် လက်ခံကျင်းပရာတွင် တစ်ဖက်နှင့်တစ်ဖက် အားပေးကူညီရန် သဘောတူခဲ့ကြကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO

# နျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေး နိုင်ငံတကာတောင်းဆိုချက် မြောက်ကိုရီးယား ပယ်ချ

**ပြုံယမ်း စက်တင်ဘာ ၂၅**

နျူကလီးယား စမ်းသပ်မှုများ ရပ်ဆိုင်းရန် တောင်းဆိုထားသည့် နိုင်ငံတကာ ကြေညာချက် တစ်ရပ်ကို မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၄ ရက်တွင် ပယ်ချခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နျူကလီးယား စမ်းသပ်မှုများ ဘက်စုံပိတ်ပင်ရေးစာချုပ် မိတ်ဖက်နိုင်ငံများအုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးများသည် စက်တင်ဘာ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေး၍ နျူကလီးယား စမ်းသပ်မှုများ ရပ်ဆိုင်းရန် မြောက်ကိုရီးယားကို တိုက်တွန်းခဲ့ကြသည်။

နျူကလီးယား စမ်းသပ်မှုများ ဘက်စုံပိတ်ပင်ရေးစာချုပ် မိတ်ဖက်နိုင်ငံများအုပ်စုတွင် ဩစတြေးလျ၊ ကနေဒါ၊ ဖင်လန်၊ ဂျာမနီ၊ ဂျပန်၊ နယ်သာလန်နိုင်ငံတို့ ပါဝင်ကြသည်။

သို့ရာတွင် နျူကလီးယား စမ်းသပ်မှုများ ရပ်တန့်ရေးအတွက် အဆိုပါနိုင်ငံများ၏ တောင်းဆိုချက်ကို ရန်သူနိုင်ငံများ၏နိုင်ငံရေး ရန်စမှုတစ်ရပ်အဖြစ် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် တာဝန်ယူမှုရှိသည့် နျူကလီးယားလက်နက် အင်အားရှင်နိုင်ငံ ဖြစ်ကြောင်းလည်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံက ထပ်မံ လုပ်ဆောင်လာနိုင်သည့် နျူကလီးယားစမ်းသပ်မှု မှန်သမျှသည်တာဝန်မဲ့ရာ ရောက်မည်ဖြစ်ကြောင်း နျူကလီးယားစမ်းသပ်မှု ဘက်စုံပိတ်ပင်ရေးစာချုပ် မိတ်ဖက်နိုင်ငံများ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လအတွင်း စုစုပေါင်းလူဦးရေ ၆ ဒသမ ၂၁ သန်းထိ မြင့်တက်လာ



**စင်ကာပူ စက်တင်ဘာ ၂၅**

ယခုနှစ်ဇွန်လအတွင်း စင်ကာပူနိုင်ငံ၏ လူဦးရေသည် ၂၀၂၅ ခုနှစ် ဇွန်လကထက် ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း စင်ကာပူအစိုးရ စာရင်းအင်းဗျူရိုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

စင်ကာပူအစိုးရ စာရင်းအင်းဗျူရို၏ ထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လ လူဦးရေစုစုပေါင်းမှာ ၆ ဒသမ ၂၁ သန်းထိ ရှိလာကြောင်း သိရသည်။

အထူးသဖြင့် ပြည်ပနိုင်ငံသား အမြဲတမ်းနေထိုင်သူ ၃ ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်လာမှုကြောင့် စင်ကာပူနိုင်ငံ၏ ယခုနှစ် ဇွန်လ လူဦးရေ စုစုပေါင်းမှာ ၆ ဒသမ ၂၁ သန်းထိ ရှိလာခြင်း ဖြစ်သည်။

ယခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံ၏ ပြည်ပနိုင်ငံသားအမြဲတမ်းနေထိုင်သူစုစုပေါင်းမှာ ၁ ဒသမ ၉၈ သန်းထိ ရှိလာကြောင်း စင်ကာပူအစိုးရ စာရင်းအင်းဗျူရို ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် မြေရှားပါးသည့် စင်ကာပူနိုင်ငံ၌ ပြည်ပနိုင်ငံသား အမြဲတမ်းနေထိုင်သူ အရေအတွက် မြင့်တက်လာမှုသည် စင်ကာပူနိုင်ငံရေး ခေါင်းဆောင်များအတွက် ပြဿနာတစ်ရပ် ဖြစ်လာနိုင်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေး ပြီးဆုံးခဲ့ပြီးနောက်ပိုင်း စင်ကာပူနိုင်ငံ၏ လူဦးရေမှာ ဖြည်းဖြည်းနှင့်မှန်မှန် မြင့်တက်လာခဲ့သည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# တနင်္ဂနွေနေ့ညမှာကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲတွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ နယ်သာလန်အသင်း၊ ဩစတြီးယားအသင်း၊ ပေါ်တူဂီအသင်းတို့ကို အားပေးရမှာပါ

M L



တနင်္ဂနွေနေ့ညမှာ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွေ ဆက်လက်ကစားမှာဖြစ်ပြီး ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့နေတာကို တွေ့ရမှာပါ။ နေးရှင်းလိဂ်ပြိုင်ပွဲကတော့ အသင်းတိုင်းက အစွမ်းကုန်ကြိုးပမ်းကစားလေ့ရှိတာကြောင့် ပရိသတ်စိတ်ဝင်စားမှုရှိတဲ့ပြိုင်ပွဲလို့လဲဆိုရမှာပါ။ ဒီပြိုင်ပွဲမှာ လိဂ်အသီးသီးကအုပ်စုပထမနေရာရတဲ့အသင်းတွေအနေနဲ့ ဥရောပပြိုင်ပွဲ၊ကမ္ဘာ့ဖလားပြိုင်ပွဲ စတဲ့ပြိုင်ပွဲတွေမှာ ခြေစစ်ပွဲမအောင်ခဲ့ရင် plya-off ကစားခွင့်ထပ်မံရရှိတာဖြစ်လို့ အသင်းငယ်တွေကလဲ အာရုံစိုက်ကစားတတ်တာကိုတွေ့ရမှာပါ။ ဒ့ါပြင် နိုင်ငံအသင်းပြိုင်ပွဲတွေဖြစ်တာကြောင့် ကစားသမားစုဖွဲ့မှုတင်မကဘဲ ယုံကြည်မှုပိုင်းနဲ့ အသင်းလိုက်ကစားအားကိုလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ ထိပ်တန်းအဆင့်ကစားသမားတွေ ပိုင်ဆိုင်ထားပြီး နေးရှင်းလိဂ်ပြိုင်ပွဲမှာ အစဉ်အလာကောင်းတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

**နယ်သာလန်အသင်းကို အားပေးရမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတာကတော့ ဆားဘီးယားအသင်းနဲ့ နယ်သာလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆားဘီးယားအသင်းကတော့ ကစားသမားကောင်းတွေပေါ်ထွက်လာပေမဲ့ နိုင်ငံလက်ရွေးစင်အသင်းမှာ အဲဒီကစားသမားတွေ ခြေစွမ်းပြဖို့ရုန်းကန်နေရတာကြောင့် ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစစ်ပွဲအဆင့်က လှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ ဝါရင့်ကစားသမားတွေ အသက်အရွယ်ရလာသလို အနားယူသွားတာတွေလဲရှိနေတာကြောင့် အသင်းလိုက်ကစားပုံပြောင်းလဲသွားနိုင်သလို နယ်သာလန်အသင်းတိုက်စစ်ပိုင်းကို ဟန့်တားနိုင်ဖို့မဖြစ်နိုင်ပါဘူး။ ဒ့ါပြင် ခံစစ်ပိုင်းက ဥရောပအသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့သာ စုဖွဲ့ထားတာကြောင့် ဂတ်ပို၊မာလန်းတို့ တိုက်စစ်အတွဲကိုမထိန်းနိုင်ရင် နယ်သာလန်ရဲ့ သွင်းဂိုးတွေကိုသာ ရေတွက်ရမှာဖြစ်ပါတယ်။

နယ်သာလန်အသင်းဟာ နည်းပြကိုးမန်းလက်ထက်မှာ ခြေစွမ်းပိုင်းပြန်လည်တိုးတက်လာခဲ့တာကြောင့် ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၃၂ သင်းအဆင့် ရှုံးထွက်အဆင့်ထိ ရောက်ရှိခဲ့ပေမဲ့ မော်ရိုကိုအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခွာခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ နည်းပြသစ်ဇာဗီက ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားတွေကိုသာ ဆက်လက်ရွေးချယ်ထားတာကြောင့် တိုက်စစ်ပိုင်းက သွင်းဂိုးတွေများနေမှာသေချာပါတယ်။ လက်ရှိ လိဂ် A အုပ်စု (၂) မှာတော့ သူတို့အသင်းဟာ ဂျာမနီ၊ ဆားဘီးယား၊ ဂရိအသင်းတို့ ကစားရမှာဖြစ်တာကြောင့် ဆားဘီးယားနဲ့ ဂရိအသင်းတို့တွေ့ချိန်မှာ ရမှတ်ရှာဖွေနိုင်ပြီး ဂိုးရသလောက်သွင်းယူနိုင်မှသာ နောက်တစ်ဆင့်တက်ရောက်ဖို့ မျှော်လင့်နိုင်မှာဖြစ်ပါတယ်။ ဒ့ါပြင် တိုက်စစ်ပိုင်းက မာလန်း၊ ဂတ်ပိုတို့ကလဲ ကလပ်အသင်းတွေမှာခြေစွမ်းပြသနေတာကြောင့် ကစားအားပိုကောင်းလာမှာသေချာနေလို့ ဆားဘီးယားအသင်းထိန်းချုပ်ရခက်မှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ နယ်သာလန်အသင်းကအသာရထားတာကြောင့် အခုပွဲမှာ နယ်သာလန်အသင်းကိုပဲအားပေးရမှာပါ။

**ဆားဘီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၀ | ဆားဘီးယား |
| ဆားဘီးယား | ၂ | - | ၁ | ဆော်ဒီအာရေဗျ |
| ကိတ်ဗာဒီ | ၃ | - | ၀ | ဆားဘီးယား |
| မက္ကဆီကို | ၅ | - | ၁ | ဆားဘီးယား |
| ဆားဘီးယား | ၁ | - | ၂ | ဂရိ |

**နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၂ | - | ၂ | ဂျပန် |
| နယ်သာလန် | ၅ | - | ၁ | ဆွီဒင် |
| တူနီးရှား | ၁ | - | ၃ | နယ်သာလန် |
| နယ်သာလန် | ၁ | - | ၁ | မော်ရိုကို |
| နယ်သာလန် | ၁ | - | ၁ | ဂျာမနီ |

**ဩစတြီးယားအသင်း နိုင်ပွဲရမှာပါ**

ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဩစတြီးယားအသင်းနဲ့ ကိုဆိုဗိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဩစတြီးယားအသင်းဟာ ကမ္ဘာ့အဆင့် (၂၃) မှာရပ်တည်နေပြီး ကိုဆိုဗိုအသင်းကတော့ ကမ္ဘာ့အဆင့် (၇၈) မှာရှိနေတာကြောင့် ဘောလုံးအဆင့်အတန်းကွာခြားနေတာကိုတွေ့ရမှာပါ။ ဩစတြီးယားအသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ကစားသမားကောင်းတွေပေါ်ထွက်လာတာကြောင့် အဓိကပြိုင်ပွဲကြီးတွေမှာ အမြဲပါဝင်ကစားခွင့်ရခဲ့ပြီး ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ အာဂျင်တီးနား၊အယ်ဂျီးရီးယားတို့လို အသင်းတွေကိုကျော်ဖြတ်ပြီး နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ် နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ လိဂ် B မှာ ကစားခွင့်ရခဲ့ပြီး အုပ်စုဒုတိယနေရာနဲ့ အဆုံးသတ်ခဲ့တာကြောင့် လိဂ် B မှာပဲ ဆက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းကိုတော့ ဂျာမန်ဘွန်ဒက်လီဂါမှာ ပုံစံကောင်းရနေတဲ့ကစားသမားတွေနဲ့စုဖွဲ့ထားတာကြောင့် ကိုဆိုဗိုလိုအသင်းကိုတော့ ဖိအားပေးနိုင်ဖို့သေချာပါတယ်။

ကိုဆိုဗိုအသင်းဟာ ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာလဲ play-off ကစားခွင့်ရခဲ့ပေမဲ့ တူကီယဲအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် ဝင်ခွင့်နဲ့လွဲခဲ့ရတာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာတော့ ဥရောပကလပ်အသင်းငယ်တွေမှာကစားနေတဲ့ ကစားသမားတွေနဲ့သာစုဖွဲ့ထားတာကြောင့် ဩစတြီးယားနဲ့ယှဉ်ရင် စုဖွဲ့မှုအားနည်းနေတာဖြစ်ပါတယ်။ သူတို့အုပ်စုမှာတော့ အိုင်ယာလန်၊ အစ္စရေး၊ ဩစတြီးယားတို့ကစားရမှာဖြစ်တာကြောင့် အခုပွဲစဉ်ကို ဂိုးမပေးရဖို့ ခံစစ်အားပြုကစားမှသာ လိဂ် B မှာ ကျန်ရစ်ဖို့သေချာမှာပါ။ နည်းပြဖိုဒါကတော့ ပြိုင်ဘက်ရဲ့ကစားပုံကိုလိုက်ပြီး ကစားကွက်ပိုင်းပြောင်းလဲနေပေမဲ့ ကစားသမားစုဖွဲ့မှုကွာခြားချက်ကြီးမားနေတာကြောင့် အခုပွဲမှာ ဩစတြီးယားအသင်းပဲနိုင်ပွဲရသွားမှာပါ။

**ဩစတြီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဩစတြီးယား | ၃ | - | ၁ | ဂျော်ဒန် |
| အာဂျင်တီးနား | ၂ | - | ၀ | ဩစတြီးယား |
| အယ်ဂျီးရီးယား | ၃ | - | ၃ | ဩစတြီးယား |
| စပိန် | ၃ | - | ၀ | ဩစတြီးယား |
| ဩစတြီးယား | ၃ | - | ၁ | အစ္စရေး |

**ကိုဆိုဗိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလိုဗက်ကီးယား | ၃ | - | ၄ | ကိုဆိုဗို |
| ကိုဆိုဗို | ၀ | - | ၁ | တူကီယဲ |
| ချက် | ၂ | - | ၁ | ကိုဆိုဗို |
| ကိုဆိုဗို | ၃ | - | ၀ | အန်ဒိုရာ |
| ကိုဆိုဗို | ၁ | - | ၀ | အိုင်ယာလန် |

**ပေါ်တူဂီအသင်း ရလဒ်ကောင်းမှာပါ**

တနင်္ဂနွေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲတွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ နော်ဝေအသင်းနဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နော်ဝေအသင်းဟာ ပြီးခဲ့တဲ့နှစ်တွေမှာ ဟာလန်း၊ နူဆာ၊ လာဆန်တို့လို ကစားသမားကောင်းတွေ ထွက်ပေါ်လာတာကြောင့် အဓိကပြိုင်ပွဲတွေမှာ အောင်မြင်မှုရလာခဲ့တာကို တွေ့ရမှာပါ။ နေးရှင်းလိဂ်ပြိုင်ပွဲမှာ ပြီးခဲ့တဲ့နှစ်က လိဂ် B မှာကစားရပေမဲ့ အုပ်စုပြီးဆုံးချိန်မှာ အုပ်စုဗိုလ်နဲ့ ရပ်တည်နိုင်ခဲ့တာကြောင့် အခုနှစ်မှာ လိဂ် A မှာ တက်ရောက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ လိဂ် A အုပ်စု (၄) မှာ ဒိန်းမတ်၊ ပေါ်တူဂီ၊ ဝေးလ်တို့နဲ့ကစားရမှာဖြစ်ပြီး ဒီအုပ်စုမှာ နော်ဝေနဲ့ ပေါ်တူဂီအသင်းတို့က အုပ်စုပထမနေရာယှဉ်ပြိုင်ရဖို့များနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ပြိုင်ဘက်ပေါ်တူဂီအသင်းက နေးရှင်းလိဂ်ပြိုင်ပွဲမှာ ဆုဖလားတစ်ကြိမ်ရယူနိုင်ခဲ့ပြီး ကစားသမားစုဖွဲ့မှုကလဲ ဥရောပပြိုင်ပွဲတွေမှာ ခြေစွမ်းပြနေတဲ့ ထိပ်တန်းကစားသမားတွေနဲ့သာစုဖွဲ့ထားတာကြောင့် နော်ဝေအသင်းအနေနဲ့ ပွဲချိန်ပြည့်ယှဉ်ကစားဖို့တော့ အခက်တွေ့မှာပါ။

ပေါ်တူဂီအသင်းကတော့ နည်းပြဂျော်ဂျီဂျီးဆပ်လက်အောက်မှာ ကစားသမားကောင်းတွေပိုင်ဆိုင်ထားပေမဲ့ အောင်မြင်မှုမရသေးတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ဆုဖလားရဖို့ရေပန်းစားခဲ့ပေမဲ့ ကစားသမားတွေနားလည်မှုလွဲနေခဲ့ပြီး နည်းပြရဲ့ ကစားကွက်နဲ့အံဝင်မှုမရခဲ့တာကြောင့် ၁၆ သင်းအဆင့်မှာ စပိန်အသင်းကိုရှုံးခဲ့ပြီး ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာလဲ နည်းပြဂျော်ဂျီဂျီးဆပ်အနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲက ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ဆက်လက်ရွေးချယ်ထားတာကို သတိပြုရမှာပါ။ သူတို့အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲဆက်မှာ တစ်ပွဲသာရှုံးထားပြီး အဲဒီပွဲကလဲ စပိန်အသင်းကိုဖြစ်တာကြောင့် အခုပွဲမှာ နော်ဝေလို အတွေ့အကြုံပိုင်းအားနည်းတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာတော့ ပေါ်တူဂီက နှစ်ပွဲနိုင်၊တစ်ပွဲသာရှုံးထားသလို ကစားသမားစုဖွဲ့မှုကလဲ နေရာစုံမှာ ထိပ်တန်းအဆင့်ကစားသမားတွေ ပိုင်ဆိုင်ထားတာကြောင့် အဘက်ဘက်ကသာနေတဲ့ ပေါ်တူဂီအသင်းပဲရလဒ်ကောင်းမှာပါ။

**နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၁ | - | ၄ | ပြင်သစ် |
| အိုင်ဗရီကို့စ် | ၁ | - | ၂ | နော်ဝေ |
| ဘရာဇီး | ၁ | - | ၂ | နော်ဝေ |
| နော်ဝေ | ၁ | - | ၂ | အင်္ဂလန် |
| နော်ဝေ | ၃ | - | ၂ | ဒိန်းမတ် |

**ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပေါ်တူဂီ | ၅ | - | ၀ | ဥဇဘတ်ကစ္စတန် |
| ကိုလံဘီယာ | ၀ | - | ၀ | ပေါ်တူဂီ |
| ပေါ်တူဂီ | ၂ | - | ၁ | ခရိုအေးရှား |
| ပေါ်တူဂီ | ၀ | - | ၁ | စပိန် |
| ပေါ်တူဂီ | ၁ | - | ၀ | ဝေးလ် |

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပြေးဆွဲပေးရေးနှင့်လေယာဉ်လက်မှတ်မှောင်ခိုဈေးကွက် ထိန်းချုပ်ပေးရေး၊ လယ်ယာသုံးအတွက် စက်သုံးဆီ ဝယ်ယူရရှိရေး၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးနိုင်ရေး၊ ရပ်ကွက်အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျေးရွာအမည်သတ်မှတ်ပေးရေး၊ ဌာနဆိုင်ရာမြေအဖြစ် အသုံးပြုနိုင်ရေး၊ ယာဉ်ရပ်နားစခန်းတည်ဆောက်ပေးရေး၊ မြို့ရှောင်လမ်းဆောင်ရွက်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် တံတားတည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်းသည့်မေးခွန်း ၁၄ ခုမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ **မန္တလေး–မြစ်ကြီးနား အသွားအပြန် လေယာဉ်ခရီးစဉ်များ တိုးချဲ့ပေးရန်နှင့် လေယာဉ်ခမှောင်ခိုဈေးကွက်ကို ထိန်းချုပ်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင်က ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် မီးရထား၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များတွင် ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဈေးနှုန်းသက်သာစေရန်နှင့် လုံခြုံစိတ်ချမှုရှိစေရန် စဉ်ဆက်မပြတ်စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ လေကြောင်းလိုင်း ငါးလိုင်းက တစ်ရက်လျှင် နှစ်ကြိမ်နှုန်းဖြင့် ပျံသန်းပေးလျက်ရှိရာ ခရီးသွားလာမှုပိုမိုအဆင်ပြေစေရန် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လေကြောင်းလိုင်း တစ်လိုင်းက တစ်ကြိမ်ဖြင့်လည်းကောင်း၊ အပတ်စဉ် သောကြာနေ့တိုင်း မြန်မာအမျိုးသားလေကြောင်းက တစ်ကြိမ်ဖြင့်လည်းကောင်း ထပ်မံတိုးမြှင့်ပျံသန်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လေယာဉ်ဆီဈေးနှုန်း တဖြည်းဖြည်းလျော့ကျလာသဖြင့် လေယာဉ်လက်မှတ်ခများကို ခရီးသွားပြည်သူများကို သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးအတွက် လေယာဉ်ဆီဈေးနှုန်း အတက်အကျအပေါ်မူတည်၍ မန္တလေး–မြစ်ကြီးနား ခရီးစဉ်ကို အချိန်နှင့်တစ်ပြေးညီ လေကြောင်းလိုင်းများကလည်း ပြောင်းလဲပြင်ဆင်သတ်မှတ်ရောင်းချပေးလျက်ရှိပါကြောင်း။

မြစ်ကြီးနားလေယာဉ်လက်မှတ်များ မှောင်ခိုဈေးကွက်ပပျောက်စေရန် လေယာဉ်လက်မှတ်များကို အရောင်းကိုယ်စားလှယ်(Agent)များမှတစ်ဆင့် ရောင်းချစေခြင်းမပြုဘဲ လေကြောင်းလိုင်းနှင့် ၎င်း၏ ရုံးခွဲများကိုယ်တိုင်သော်လည်းကောင်း၊ Online မှသော်လည်းကောင်း ရောင်းချခြင်းကို မြန်မာအမျိုးသားလေကြောင်းနှင့် အဲသံလွင်လေကြောင်းတို့က ၂၀၂၆ ခုနှစ် ဇူလိုင်လမှစတင်၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း၊ မင်္ဂလာလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့က ၂၀၂၆ ခုနှစ် ဩဂုတ်လမှစတင်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လေယာဉ်လက်မှတ်ခများကို သတ်မှတ်ဈေးနှုန်းထက် ဈေးတင်ရောင်းချသူများကို အရေးယူဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **တောင်သူများအတွက် လယ်ယာလုပ်ငန်းသုံးစက်သုံးဆီများကို ဆီဆိုင်များက ဆီဝယ်စာအုပ်များဖြင့် ဝယ်ယူရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးရှိ စိုက်ဧက ငါး သိန်းကျော်အတွက် လိုအပ်သောထွန်ယက်ဆီအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီဂါလန် ၆၆၀၀၀ ကျော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ ဖြန့်ဖြူးထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းထုတ် ဓာတ်ဆီ RON–68 နှင့် RON–72 တို့ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် မြစ်တွင်းသွားစက်လှေများနှင့် လယ်ယာသုံးစက်ပစ္စည်းများတွင် သုံးစွဲနိုင်ရေး တိုင်းဒေသကြီးအတွင်းရှိ အရောင်းဆိုင်များက ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများကို လယ်ယာလုပ်ငန်းသုံးလိုအပ်သော စက်သုံးဆီများဝယ်ယူရာတွင် ဆီဆိုင်များက နေ့အလိုက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူခွင့်ကို ဆီစာအုပ်များ အသုံးပြုဝယ်ယူရောင်းချမှုလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးသော်လည်း လိုအပ်သည့်စက်သုံးဆီများအဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေးနှင့် ပြည်တွင်းထုတ် ဓာတ်ဆီ၊ ဒီဇယ်ဆီများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထူးသက်သာသောဈေးနှုန်းဖြင့်ရရှိနိုင်ရေး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် အမှုထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မုံရွာခရိုင် ချောင်းဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယခင်က ချောင်းဦးမြို့အစွန်ရှိ အိုးအိမ်ဝန်ထမ်းအိမ်ရာနှင့် ၎င်းတို့နေအိမ်များရှိသော ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်လျက်ရှိရာမှ လတ်တလောဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ခြိမ်းခြောက်ခံရခြင်းများရှိသည့်အတွက် နေထိုင်ရန်အခက်အခဲများရှိပါသဖြင့် မိသားစုဝင်များကို အခြားမြို့များရှိ နီးစပ်ရာဆွေမျိုးများနေအိမ်သို့ ပို့ဆောင်နေထိုင်လျက်ရှိပြီး ဝန်ထမ်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နေထိုင်မှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း။

သို့ဖြစ်ပါ၍ အမှုထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်ဆောက်လုပ်ပေးမှုနှင့်စပ်လျဉ်း၍ ချောင်းဦးမြို့ မြို့မရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိပေ ၃၅ x ၉၀ မြေကွက်လပ်တွင် အမှုထမ်းဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ် တန်ဖိုးနည်းအိမ်ရာအတွင်း ရပ်ကွက်ကြီး ၁၅ ရပ်ကွက်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ချမ်းမြသာစည်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင်အတွင်း တည်ရှိပြီး ဧရိယာ ၉ ဒသမ ၉၇ စတုရန်းမိုင်ကျယ်ဝန်းကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ပါဝင်ပါကြောင်း၊ ချမ်းမြသာစည်မြို့နယ်သည် ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပါကြောင်း။

တန်ဖိုးနည်းအိမ်ရာတိုက်များ တည်ရှိသည့် အောင်သာယာရပ်ကွက်တွင် အိမ်ထောင်စု ၄၂၈၁ စု၊ လူဦးရေ ၁၈၉၃၁ ဦးနှင့် မြရည်နန္ဒာရပ်ကွက်တွင် အိမ်ထောင်စု ၄၈၁၄ စု၊ လူဦးရေ ၁၉၇၃၄ ဦး အသီးသီးရှိကြပြီး ရပ်ကွက်နှစ်ခု၏ အိမ်ထောင်စု စုစုပေါင်း ၉၀၉၅ စုနှင့် လူဦးရေစုစုပေါင်းမှာ ၃၈၆၆၅ ဦးရှိပါကြောင်း၊ အောင်သာယာရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာတိုက် ၇၆ လုံးတွင် အိမ်ထောင်စု ၁၉၈၅ စု၊ လူဦးရေ ၆၁၂၇ ဦးနှင့် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာတိုက်အလုံး ၁၂၀ တွင် အိမ်ထောင်စု ၂၇၉၁ စု၊ လူဦးရေ ၉၈၂၄ ဦးရှိကြသဖြင့် စုစုပေါင်းတန်ဖိုးနည်းအိမ်ရာတိုက် ၁၉၆ လုံးတွင် နေထိုင်ကြသောအိမ်ထောင်စု ၄၇၇၆ စု၊ လူဦးရေ ၁၅၉၅၁ ဦးတို့ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ တွင် "သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလိုဆောင်ရွက်ပေးရမည်"ဟု ပြဋ္ဌာန်းထားရှိရာ ရပ်ကွက်ပြင်ဆင်တိုးချဲ့ရန် လိုအပ်ပါက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ချမ်းမြသာစည်မြို့နယ်သည် ရပ်ကွက် ၁၄ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အုပ်ချုပ်မှုဆိုင်ရာ ကဏ္ဍအပါအဝင် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ရပ်ကွက်အသစ်တစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းရန် မလိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး ခေါ် ဦးမျိုးအောင်၏ **ပေါက်ခေါင်းမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်း၌ ဝန်ထမ်းလိုင်းခန်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပေါက်ခေါင်းမြို့နယ်မီးသတ်စခန်း၌ ၂၀၁၉ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ၆၅ x ၅၂ x ၂၆ ပေ RC နှစ်ထပ် မီးသတ်စခန်းအဆောက်အအုံ တစ်လုံး၊ ၁၉၆၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ၄၈ x ၂၂ ပေ အုတ်ညှပ် နှစ်ခန်းတွဲ တစ်ထပ် ဝန်ထမ်းလိုင်းခန်း တစ်လုံး၊ ၂၀၂၀ ပြည့်နှစ်တွင် ဆောက်လုပ်ခဲ့သည့် ၃၇ x ၁၂ ပေ သွပ်မိုး၊ အုတ်ကြွပ်ကာယာယီလိုင်းခန်း တစ်လုံးနှင့် ၂၀၂၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ၅၁ x ၁၂ ပေ ထရံကာ၊ သွပ်မိုးယာယီလိုင်းခန်း တစ်လုံးတို့တွင် အိမ်ထောင်သည်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် လူပျိုတပ်ဖွဲ့ဝင် ၁၈ ဦးတို့ နေထိုင်လျက်ရှိပါကြောင်း၊ ကျန်အိမ်ထောင်သည်တပ်ဖွဲ့ဝင် လေးဦးသည် စခန်းပြင်ပရှိ မိသားစုနေအိမ်များတွင် နေထိုင်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပေါက်ခေါင်းမြို့နယ်မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ နေထိုင်ရေးအဆင်ပြေရန်အတွက် ပေါက်ခေါင်းမြို့နယ် မီးသတ်စခန်းအတွင်း၌ မြေနေရာအကျယ်အဝန်းအခက်အခဲရှိသဖြင့် ၁၉၆၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ၄၈ x ၂၂ ပေ အုတ်ညှပ် နှစ်ခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံ တစ်လုံးကိုဖျက်သိမ်း၍ ၁၀၀ x ၄၀ x ၃၂ ပေ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားတင်ပြနိုင်ရေး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု တောစိမ့်အနောက်ဘက် ဦးပိုင်ရှိ ယာမြေပေါ်တွင် ကျေးရွာအမည်မရှိသော ရွာကို "ချမ်းငြိမ်းအေးသာယာ"ရွာအဖြစ် အမည်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ချမ်းငြိမ်းအေးသာယာကျေးရွာ မြေနေရာသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု ကွင်းအမှတ်(၅၇၇) တောစိမ့်ကွင်း ယာမြေဧရိယာ ၂၄ ဒသမ ၀၈ ဧကခန့်ရှိပြီး အိမ်ခြေ အိမ်ထောင်စု ၁၅၆ စု၊ လူဦးရေ ၁၁၂၆ ဦးရှိပြီး ကျေးရွာသူ၊ ကျေးရွာသားများသည် ၂၀၀၈ ခုနှစ်မှစတင်၍ အခြေချနေထိုင်ခဲ့သည်မှာ ယခုအချိန်ထိဖြစ်ပါကြောင်း။

ချမ်းငြိမ်းအေးသာယာကျေးရွာကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော ကျေးရွာအဖြစ် သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာအုပ်စု၊ ကျေးရွာများကို တိုးချဲ့၊ ပယ်ဖျက်၊ အမည်ပြောင်းပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့်အချက်အလက်များ ပြည့်စုံမှုမရှိသေးသော်လည်း ချမ်းငြိမ်းအေးသာယာကျေးရွာကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာအဖြစ်သတ်မှတ်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နှင့်အညီ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပခုက္ကူမဲဆန္ဒနယ်မှ ဦးလှဝင်းဦး၏ **ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု ဦးပိုင်အမှတ်(၃၀–ခ)ရှိ မြေဧရိယာ ၆၄ ဒသမ ၂၂ ဧကကို မြေလိုအပ်ချက်ရှိနေသည့် ဌာနဆိုင်ရာများ အသုံးပြုနိုင်ရေးအတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စု ကွင်းအကွက်အမှတ်နှင့် အမည်(၃၁၅–က ကျွဲတဲအနောက်ကွင်း) ဦးပိုင်အမှတ်(၃၀–ခ) မြေဧရိယာ ၆၄ ဒသမ ၂၂ ဧကရှိ မြေနေရာသည် ပို့ဆောင်ရေးဝန်ကြီးဌာန ယခင်ကုန်းလမ်းပို့ဆောင်ရေးပိုင်ဖြစ်ပြီး အဆိုပါဌာနကို ၁-၄-၂၀၂၄ ရက်တွင် ဖျက်သိမ်းခဲ့သဖြင့် အဆိုပါမြေကို နိုင်ငံတော်ပိုင်မြေအဖြစ်အပ်နှံရန် ညွှန်ကြားခဲ့သောကြောင့် နိုင်ငံတော်ပိုင်မြေ(State Land) သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ထားသည့် ပခုက္ကူမြို့နယ် ကျွဲတဲကျေးရွာအုပ်စုရှိ မြေဧရိယာ ၆၄ ဒသမ ၂၂ ဧကကို အသုံးပြုလိုသည့် ဝန်ကြီးဌာနများအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြလျှောက်ထားပြီး ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကမာရွတ်မဲဆန္ဒနယ်မှ ဦးကိုကိုသင်း၏ **ရန်ကုန်မြို့ပြအတွင်း BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ခြင်း၊ လမ်းဘေးဈေးသည်များကို နေရာချထားပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဖြေရှင်းပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော်

စာမျက်နှာ ၉ သို့

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ဦးရေ ၂၀၀ တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြေနုကျေးရွာအုပ်စု မြေနုကျေးရွာသည် ရေလယ်ကျွန်းတွင် နေထိုင်ရသည့်အတွက် ရေဘေးဒုက္ခများ ရှောင်ရှားရန် ယခင်သတ်မှတ်ပေးထားသော ကုန်းမြေနေရာသို့ လူနေအိမ်များပြောင်းရွှေ့၍ အတည်တကျနေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဒေသခံတောင်သူများက **စာမျက်နှာ ၁၀ သို့**

**စာမျက်နှာ ၈ မှအဆက်**

စည်ပင်သာယာရေးကော်မတီက အောင်မင်္ဂလာနှင့် ဒဂုံ-ရောအဝေးပြေးယာဉ်ရပ်နားစခန်း နှစ်ခု၊ အလုံ၊ ဗိုလ်တထောင်၊ အနောက်ပိုင်း ကုန်သေတ္တာတင်ယာဉ်ရပ်နားစခန်း သုံးခုနှင့် တောင်ဥက္ကလာပမြို့နယ်(၁၁)နှင့်(၁၂)ရပ်ကွက်ရတနာလမ်းနှင့် သုမင်္ဂလာလမ်းထောင့်ရှိ မော်တော်ယာဉ် ၂၈၂ စီး ရပ်နားနိုင်သော အထပ်လေးထပ်ရှိ အရှေ့ပိုင်းယာဉ်ငယ်ရပ်နားစခန်း နှစ်ခု စုစုပေါင်း ခုနစ်ခု ဆောင်ရွက်ထားရှိပြီး ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ လမ်းဘေးဈေးသည်များနှင့်စပ်လျဉ်း၍ စည်းကမ်းထိန်းကြပ်မတ်ခြင်း၊ မြို့နယ်အလိုက်၊ လမ်းအလိုက်စာရင်းများ ပြုစုထားရှိခြင်း၊ မြေနေရာအကျယ်အဝန်း၊ ရောင်းချမှုအခြေအနေပေါ်မူတည်၍ နေရာချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒလ၊ လှိုင်သာယာ(အနောက်ပိုင်း)၊ သဃ်ၤန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ လှိုင်၊ မြောက်ဥက္ကလာပ စသည့်မြို့နယ်များအတွင်းရှိ ပျံကျဈေးသည် ၂၁၇၁ ဦးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဈေး ၁၅ ခုအတွင်း စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် လမ်းမတော်မြို့နယ် ၁၉ လမ်း စံပြညဈေးတန်းကို ဘေးကင်းလုံခြုံ၍ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိသည့် အစားအသောက်များကို စနစ်တကျရောင်းချစေရေးအတွက် အဆင့်မီစံပြညဈေးတန်းအဖြစ် စီမံချက်ချမှတ်၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရေး မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်အသုံးပြုနိုင်ရန် လမ်းညွှန်များ၊ Road Signs၊ Road Marking များ၊ Traffic Signal များကို အသစ်တပ်ဆင်ခြင်းနှင့် ယာဉ်သွားလာမှုများအဆင်ပြေစေရန် လမ်းပုံသဏ္ဌာန်နှင့် ဖွဲ့စည်းပုံဒီဇိုင်းပြောင်းလဲပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ ယာဉ်သွားလာမှုများ အဆင်ပြေစေရန် ယာဉ်သွားလမ်းများတိုးချဲ့ခြင်း၊ ယာဉ်ရပ်နားရန်ကားပါကင်နေရာများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ယာဉ်သွားလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီတို့က ယာဉ်ရပ်နားစခန်းနှင့် ယာဉ်ရပ်ဝင်းများ ၁၈ နေရာ ဆောင်ရွက်ပေးပြီးဖြစ်ပါသောကြောင့် BOT စနစ်ဖြင့် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ရန် မလိုအပ်ပါကြောင်းနှင့် လမ်းဘေးဈေးသည်များ၏ ဈေးရောင်းချမှုကို ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့ရှောင်လမ်းစီမံကိန်းနှင့်ပတ်သက်၍ မည်သို့လျာထားစီမံထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း လမ်းအပိုင်းသည် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းဖြစ်သည့် မန္တလေး-လားရှိုး-မူဆယ်လမ်း၏ မိုင်တိုင် ၄၉/၄ မှ ၃၀၂/၀ ထိ ၂၅၂ မိုင် ၄ ဖာလုံ အရှည်ရှိသော လမ်းနှင့် ဆက်စပ်နေသည့် လမ်းပိုင်းဖြစ်ပါကြောင်း၊ နောင်ချိုမြို့တွင်းနှင့် ဂုတ်တွင်းလမ်းအပိုင်းတို့တွင် မကြာခဏဖြစ်ပေါ်လေ့ရှိသည့် ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူလျင်မြန်စေရေးတို့အတွက် ၂၀၁၃ ခုနှစ်ခန့်မှစ၍ နောင်ချိုမြို့ရှောင်လမ်းအတွက် လမ်းအူကြောင်းရှာဖွေခြင်း၊ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေသားလမ်းတစ်ကြောင်းထိုး ဖောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ဖောက်လုပ်ပြီးစီးခဲ့ပြီး ၎င်းလမ်းပေါ်ရှိ ဂုတ်ထိပ်တံတားသစ်တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်နေဆဲကာလတွင် ခေတ္တရပ်ဆိုင်းထားခဲ့ပြီး နောင်ချိုမြို့ရှောင်လမ်းစီမံကိန်းကို ဂုတ်ထိပ်တံတားအသစ်တည်ဆောက်ချိန်တွင် တစ်ပါတည်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့နယ် ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးထိလမ်းကို ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် မြှင့်တင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မာန်အောင်မြို့နယ် ဇရပ်ကုန်းခင်ရွာမှ မျှော်တော်ဦးထိလမ်းသည် သစ်ဝ-မျှော်တော်ဦး-သစ်ပုံလမ်းဖြစ်ပြီး မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ဇရပ်ကုန်းခင်ကျေးရွာမှစတင်၍ သစ်ပုံကျေးရွာသို့ ဆက်သွယ်ထားသော လမ်းအရှည် ၅ မိုင် ၅ ဖာလုံရှိသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ငါးဖာလုံ၊ ကျောက်ခင်းလမ်း ငါးမိုင်ဖြစ်ပြီး စုစုပေါင်းအရှည် ၅ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ပျက်စီးမှုများနေသောလမ်းအပိုင်း ၁ မိုင် ၂ ဖာလုံကို ဖြုန်းကျောက်စရစ်ခင်း၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ကျောက်ခင်းလမ်း ငါးမိုင်အနက်မှ လေးဖာလုံကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် လျာထားသွားမည်ဖြစ်ပြီး ကျန်ရှိသောလမ်းပိုင်းများကို ကွန်ကရစ်လမ်းအဖြစ် နှစ်အလိုက်ဆက်လက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဇီးကုန်း-သင်ကန် - ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိ ကွန်ကရစ်လမ်းကို မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇီးကုန်းမြို့နယ်နှင့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ဇီးကုန်း-သင်ကန်-ရွှေဖလားလမ်း၊ ရွှေကြို့ပင်မှ ရွှေဖလားကျေးရွာထိလမ်းသည် ရန်ကုန်-ပြည်လမ်းပေါ်ရှိ ဇီးကုန်းမြို့ မော်ရရွာမှစတင်ပြီး သင်ကန်ရွာ၊ ရွှေဖလားရွာတို့မှတစ်ဆင့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ကို ချိတ်ဆက်ထားသော လမ်းအရှည် ၁၂ မိုင်ရှိသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၅ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် ၄ ဖာလုံ၊ မြေသားလမ်း သုံးမိုင်ဖြစ်ပြီး စုစုပေါင်း ၁၂ မိုင်ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်း၏ မူလကျောက်လမ်းပိုင်းမှ ပျက်စီးမှုဖြစ်ပေါ်နေသော လမ်းအရှည် နှစ်ဖာလုံကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေတွင်လည်း လမ်းအရှည် နှစ်ဖာလုံကို ဆက်လက်လျာထားသွားမည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကိုလည်း နှစ်အလိုက် ရန်ပုံငွေလျာထားသွားမည်ဖြစ်ကာ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၏ **ကျုံပျော်မြို့နယ် အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာထိ လမ်းပိုင်းကို ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျုံပျော်မြို့နယ် အောင်လံစုလမ်းဆုံမှ ကျုံတနီးရွာထိ လမ်းပိုင်းသည် အရှည် ၂၄ မိုင် ၂ ဖာလုံရှိ ဓနုဖြူ-သောင်ကြီးလမ်း၏ ကျုံပျော်မြို့နယ်အပိုင်း မိုင်တိုင် ၁၄/၀ (ကျုံတနီးရွာ)မှ မိုင်တိုင် ၂၄/၂(အောင်လံစုလမ်းဆုံ) ထိ ၁၀ မိုင် ၂ ဖာလုံအပိုင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းအရှည် ၁၀ မိုင် ၂ ဖာလုံတွင် ကောင်းမွန်သောအပိုင်း နှစ်မိုင်၊ အသင့်အတင့်ကောင်းမွန်သောအပိုင်း သုံးမိုင်နှင့် ပျက်စီးမှုများပြားသောအပိုင်း ၅ မိုင် ၂ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် လမ်းပိုင်းအတွင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၁ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း သုံးဖာလုံ စုစုပေါင်း ၄ ဒသမ ၅ ဖာလုံကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့စေရန် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီး (ဖြည့်စွက်)ရန်ပုံငွေတွင် ကတ္တရာလမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း သုံးဖာလုံအရှည်ကို ထပ်မံလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **အုတ်ဖိုနှင့် မိုးညိုမြို့နယ်များ ဆက်သွယ်ထားသည့် မြစ်မခမြစ်ကူးတံတား(တက်ဆွဲ)ကို မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နှင့် မိုးညိုမြို့နယ်တို့ကို ဆက်သွယ်မည့် မြစ်မခမြစ်ကူးတံတား(တက်ဆွဲ) တည်ဆောက်ရန် လျာထားသည့်နေရာသည် အုတ်ဖိုဘက်ကမ်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော အရှည် ၇ မိုင် ၄ ဖာလုံရှိ အုတ်ဖို-ကျက်ဆူတောတက်ဆွဲလမ်း တာပေါင်အဆုံးနှင့် မိုးညိုဘက်ကမ်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနပိုင် မြစ်မခမြစ်၏အနောက်ဘက်ကမ်းပတ်တာထိပ်ကြားတွင် တည်ရှိပါကြောင်း။

မြစ်မခမြစ်သည် နွေရာသီရေနည်းချိန်တွင် ကမ်းပါးနှစ်ဖက်အကျယ် ပေ ၂၀၀ ခန့်သာရှိပြီး မိုးရာသီကာလအတွင်း မြစ်မခမြစ်၏ အနောက်ဘက်ကမ်းပတ်တာထိပ်ထိ ပေ ၂၁၀၀ ခန့် ရေပြင်ကျယ်အဖြစ် မြစ်ရေစီးဆင်းလျက်ရှိပါကြောင်း၊ တံတားတည်ဆောက်မည်ဆိုပါက မြစ်မခမြစ်၏ရေစီးရေလာကို မထိခိုက်စေရန်နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ မြစ်ရေကိုကာကွယ်ရန် တည်ဆောက်ထားသော ကမ်းပတ်တာကိုထိခိုက်မှုမရှိစေရေး အရှည်ပေ ၂၆၀၀ ခန့်ရှိ တံတားကြီးအဖြစ် တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပြီး တံတားအရှည်ပေ ၂၆၀၀ ခန့်ရှိသည့် မြစ်မခမြစ်ကူးတံတား(တက်ဆွဲ)သည် မြစ်ကူးတံတားကြီးအဆင့် တည်ဆောက်ရမည်ဖြစ်ပါသဖြင့် လတ်တလောတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းမပေါ်ရှိ ကောင်းရာကျေးရွာမှ ဂျာဘူတောင်ထိ ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိပြီး ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသောလမ်းပိုင်းဖြစ်၍ မိုင်တိုင်(၆၀/၁ မှ ၁၀၃/၁)ထိ လမ်းအရှည် ၄၃ မိုင်ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁၆ မိုင် ၁ ဖာလုံနှင့် အမာခံလမ်း ၂၆ မိုင် ၇ ဖာလုံဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းမှာ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း(တနိုင်းမြို့နယ်)၏ စုစုပေါင်းလမ်း ၄၃ မိုင်အတွင်းရှိ ဂျာဘူတောင် မိုင်တိုင်(၆၀/၁)မှ တနိုင်းမြို့ မိုင်တိုင်(၈၇/၁)ထိ ၂၇ မိုင် လမ်းပိုင်းဖြစ်ပြီး ကွန်ကရစ်လမ်း ၁၁ မိုင် ၅ ဖာလုံ၊ အမာခံလမ်း ၁၅ မိုင် ၃ ဖာလုံဖြစ်ပြီး အမာခံလမ်း ၁၅ မိုင် ၃ ဖာလုံအနက်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုင်တိုင်(၇၄/၂ မှ ၇၅/၄)အတွင်း ခြောက်ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ကျန်ရှိသော ၁၄ မိုင် ၅ ဖာလုံကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရန်ပုံငွေ ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**စာမျက်နှာ ၉ မှအဆက်**

စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေများကို ကျေးရွာမြေအဖြစ် အသုံးပြုလိုပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေယာလျော်ကြေး၊ နစ်နာကြေးများ ကိုပေးချေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မူလမြေယာ လုပ်ပိုင်ခွင့်ရရှိထားသူများနှင့်ညှိနှိုင်းပြီး မူလမြေယာ လုပ်ပိုင်ခွင့်ရရှိထားသူများ၏ သဘောတူညီခွင့်ပြုချက်ရရှိလာပါက မြေယာလျော်ကြေး၊ နစ်နာကြေးများ ပေးချေပြီး အဆိုပါပေးချေမှုပြီးစီးပါက ရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် လယ်ယာမြေအခြား နည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိရေးကို ဆက်လက် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထိုသို့ ကျေးရွာမြေအဖြစ် လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိပြီးပါက ကျေးရွာမြေအဖြစ် အသုံးပြုခွင့်ရရှိနိုင်ရေးအတွက် ကျေးရွာနယ်နိမိတ် ပြင်ဆင်ဆောင်ရွက်နိုင်ရေးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ-၅၄ နှင့်အညီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံသို့ ထောက်ခံ တင်ပြ၍ လမ်းညွှန်မှုခံယူကာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မြေနုကျေးရွာနေ ပြည်သူများအနေဖြင့် ၎င်းတို့ နေထိုင်ရာရွာမြေမှ အခြားမြေနေရာ တစ်ခုသို့ ကျေးရွာ ပြောင်းရွှေ့လိုသည့်အပြင် ကျေးရွာပြောင်းရွှေ့ခွင့်ရရှိ သည့်အခါတွင်လည်း ၎င်းတို့လုပ်ကိုင်စားသောက်နေ သည့် မြေနုကျွန်းလုပ်စားမြေရိယာ ဧက ၄၁၀ ခန့်ကို လည်း ပြန်လည်လုပ်ကိုင်စားသောက်ခွင့်များရရှိလိုပါ ကြောင်း ၎င်းတို့၏ဆန္ဒသဘောထားများကို တင်ပြထား ရှိသော်လည်း မြေနုကျွန်းမြေစိုက်ပျိုးလုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ “၂၀၁၂ ခုနှစ် လယ်ယာမြေနည်းဥပဒေ အခန်း(၁၂)ပါ မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ချထားခြင်း” ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွား ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးသိန်းဇော်၏ **ပဲခူးတိုင်း ဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ ရှိသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(သာယာဝတီ) တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းလုံခြုံစွာ ဖြင့် ခေတ်မီနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားနိုင်ရေးအတွက် လိုအပ်ချက်များကို ဆောင် ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း ၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက စိုက်ပျိုးရေး နှင့်မွေးမြူရေးသိပ္ပံ(သာယာဝတီ)တွင် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် ကျောင်းဝင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သည့် Green House လေးလုံး ပြုပြင် ပေးရန်၊ ICT ခန်းမ အမိုးပြုပြင်ပေးရန်၊ အမျိုးသမီး ဆောင်ရေချိုးကန်၊ အမျိုးသားဆောင် သန့်စင်ခန်း လေးခန်းတွဲ တစ်လုံးပြုပြင်ရန်နှင့် ကျောင်းသားများ ထမင်းချက်ဆောင် အမိုးပြုပြင်ပေးရန် စသည့် တည်ဆောက်ရေးလုပ်ငန်း ငါးမျိုးအတွက် ယခု ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်မှ ငွေကျပ် ၄၉ ဒသမ ၄၀၄ သန်း ရန်ပုံငွေကျခံ၍ ပြင်ဆင်ဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ကျောင်းအတွက်ထပ်မံလိုအပ်သည့် စုရုံး ခန်းမ တစ်လုံး၊ နည်းပြဆောင် ရှစ်ခန်းတွဲ နှစ်ထပ် တစ်လုံး၊ ကျောင်းအဝင်လမ်းကွန်ကရစ်ခင်းခြင်းနှင့် ကျောင်းခြံစည်းရိုး ပေ ၁၈၀၀ ဆက်လက်ကာရံခြင်း စသည့်တည်ဆောက်ရေးလုပ်ငန်း လေးမျိုး ဆောင်ရွက် နိုင်ရန် ငွေကျပ် ၄၁၂၄ ဒသမ ၈ သန်းကို သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြတောင်းခံ ခြင်းဆောင်ရွက်ပြီး ခွင့်ပြုရန်ပုံငွေရရှိပါက အဆိုပါ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သာယာဝတီ)ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီဂရီကောလိပ်အဆင့်သို့ တိုးမြှင့်နိုင်ရေးအတွက် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်တွင် လိုအပ်သည့်ဆောက်လုပ်ရေးလုပ်ငန်း ခုနစ်ခုအတွက် ရန်ပုံငွေထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးအောင်သီဟ၏ **မြန်မာ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက် ရေး၊ တောင်သူလယ်သမားများ၏ မြေယာလုပ်ပိုင်ခွင့် နှင့် အကျိုးစီးပွားကို ကာကွယ်ရေး၊ ပုဂ္ဂလိကရင်းနှီး မြှုပ်နှံမှုများ စနစ်တကျဝင်ရောက်နိုင်ရေး၊ တောင်သူများ ၏ ဝင်ငွေတည်ငြိမ်တိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံ ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် Contract Farming လုပ်ထုံးလုပ်နည်းများကိုအခြေခံ၍ Contract Farming ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းခြင်းနှင့် Agricultural Public Private Partnership စီမံကိန်းများကိုချိတ်ဆက် ဖော်ဆောင်ခြင်း၊ စိုက်ပျိုးရေးဒေတာစနစ် တည်ဆောက် ခြင်းတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင် ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့ သောမူဝါဒ၊ ဥပဒေ၊ စီမံချက်နှင့် လက်တွေ့အကောင် အထည်ဖော်မည့် အစီအစဉ်များရှိ၊ မရှိသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉ (ခ)အရ ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာ တွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို အမိန့် ကြော်ငြာစာအမှတ် (၁၆/၂၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ခြင်း အပေါ် အခြေခံ၍ ဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်ပြီး အစုအဖွဲ့ သုံးဖွဲ့နှင့် အဓိကဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါအစီအစဉ်သည် ကန်ထရိုက်လယ်ယာစနစ် ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ထုတ်လုပ်သူနှင့် ဝယ်ယူသူ ကြား ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်နေခြင်းဖြစ်ပါ ကြောင်း၊ ထုတ်လုပ်သူက မိမိပိုင်သည့်လယ်ယာမြေတွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ပြီး ရယူခဲ့သည့် သွင်းအားစု တန်ဖိုး(ချေးငွေ)နှင့်ညီမျှသည့် သီးနှံကိုဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူအစုအဖွဲ့သို့ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက် လျက်ရှိပါကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် ငွေကျပ် ဘီလီယံ ၂၃၀ သုံးစွဲပြီး နွေစပါး၊ မိုးစပါးသီးနှံများတွင် လည်းကောင်း၊ ငွေကျပ် ၅၆ ဒသမ ၃၁ ဘီလီယံဖြင့် ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)သီးနှံများတွင်လည်း ကောင်း၊ ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone – REZ) စီမံကိန်းကို ငွေကျပ် ၈၆ ဒသမ ၀၅၀ ဘီလီယံဖြင့်လည်းကောင်း အရင်း မပျောက်မတည်ငွေပုံစံဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၀ ပါ Contract Farming လုပ်ထုံးလုပ်နည်းများနှင့် လက်တွေ့ အကောင်အထည်ဖော်မှု အတွေ့အကြုံများအရ ပိုမို ခိုင်မာသည့်စနစ်တစ်ရပ် ဖော်ဆောင်ရာတွင် သီးနှံ အာမခံဈေးနှုန်းသတ်မှတ်မှု၊ သီးနှံအာမခံစနစ်ကျင့်သုံး မှု၊ ဒစ်ဂျစ်တယ်စိုက်ပျိုးရေးဒေတာစနစ်နှင့် Trace- ability ဖော်ဆောင်ခြင်းလုပ်ငန်းများကို ထည့်သွင်း ဆောင်ရွက်သွားရန်လိုအပ်မှုကိုလည်း တွေ့ရှိရ ပါကြောင်း။

စိုက်ပျိုးရေးဒေတာစနစ် တည်ဆောက်ခြင်းနှင့် စပ်လျဉ်းပြီး အမျိုးသားအဆင့်လမ်းပြမြေပုံဖြစ်သော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agriculture Development Strategy – ADS) (၂၀၂၆ – ၂၀၃၀)ကို စီမံအုပ်ချုပ်မှုကောင်းမွန်စေရေး၊ ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းမွန်စေ ရေး စသည့်အဓိကမဏ္ဍိုင် သုံးရပ်အပေါ်အခြေပြုပြီး ထပ်ဆင့်ရလဒ် ၂၅ ခုနှင့် ချက်ချင်းရလဒ် ၂၂၆ ခုကို အကောင်အထည်ဖော်ရန် လျာထားရေးဆွဲထားရှိ ပါကြောင်း။

သို့ပါ၍ အကျိုးတူလယ်ယာစနစ် (Contract Farming)နှင့်ပတ်သက်၍ ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် မသင့်သေးသော်လည်း လက်ရှိထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများသည် သီးနှံများအားလုံးအတွက် ခြုံငုံရေးဆွဲထားသော SOPs များသာဖြစ်နေသော ကြောင့် လိုအပ်ပါက ဆောင်ရွက်မည့်လုပ်ငန်းအပေါ် မူတည်၍ သီးနှံအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ရေးဆွဲထုတ်ပြန်သွားမည်ဖြစ် ပါကြောင်း၊ တောင်သူတစ်ဦးချင်း ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းထက် တောင်သူသမဝါယမအသင်းများ၊ တောင်သူအစုအဖွဲ့များဖြင့် ကန်ထရိုက်စနစ်ဖြင့်ဆောင် ရွက်နိုင်ရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တောင်သူ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးခရိုင် ဥက္ကံမြို့ရှိ ခရချောင်းရိုး တူးဖော်ခြင်းနှင့် ခရချောင်းရေတံခါးကို ပြန်လည်ပြုပြင် ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါ က မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ် ကျော်က ခရချောင်းရိုးပေါ်တွင် တည်ဆောက်ထားသော ခရချောင်းရေတံခါးမှာလည်း နှစ်ကာလကြာမြင့်ပြီဖြစ် သဖြင့် ရေတံခါးဂီယာဘောက်နှင့် ရေတံခါးရွက်များ ယိုယွင်းပျက်စီးနေသောကြောင့် ပြုပြင်ပေးရမည်ဖြစ် ပါကြောင်း၊

သို့ပါ၍ ခရချောင်းရိုးတူးဖော်ခြင်းနှင့် ခရချောင်း ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက်လျာထားတင်ပြခဲ့ရာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာ နှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေ ခွဲဝေရရှိ ခဲ့ပြီး ရက် ၁၀၀ စီမံချက်ကာလတွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန် တိုင်းဒေသကြီး မှော်ဘီခရိုင် မှော်ဘီမြို့နယ် ပေါက်ကုန်း ကျေးရွာအုပ်စုရှိ မွေးနီရိုးချောင်းကို ပြန်လည်တူးဖော် ပေးရန် အစီအစဉ်ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ် ကျော်က မွေးနီရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်း ကို ဆောင်ရွက်နိုင်ရန်အတွက် လျာထားတင်ပြခဲ့ရာ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ခွဲဝေရရှိပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် လှပဒါးကျေးရွာအုပ်စုနှင့် ပေါက်ကုန်း ကျေးရွာအုပ်စုများမှ လယ်ယာမြေများမှာ မိုးစပါး စိုက်ပျိုးထားလျက်ရှိသောကြောင့် စက်ယန္တရားများ သွားလာရန် အခက်အခဲရှိပါသဖြင့် မိုးစပါးရိတ်သိမ်း ပြီးချိန်တွင် မွေးနီရိုးချောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန် တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် သမီးကလေးကျေးရွာအနီးရှိ လဂွမ်းပြင်ရေလှောင် တမံမှ လဂွမ်းပြင်ရေသန့်စက်ရုံသို့ ရေသွယ်ယူရာ တွင် ပိုက်လိုင်းသွယ်တန်းပြီး ရေရယူမည့်အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင် ရွက်ပေးမည်နှင့် အစီအစဉ်မရှိပါက မည်သည့်အတွက် ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း ၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က လဂွမ်းပြင် ရေလှောင်တမံမှ လဂွမ်းပြင်ရေသန့်စက်ရုံသို့ ရေပို့ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းစီမံကိန်းကို အကောင် အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ရေလှောင်တမံမှ တူးမြောင်းမကြီးတစ်လျှောက်၊ ထိုမှတစ်ဆင့် ရဲမွန်တပ် မြို့နှင့် ဇရပ်ကွင်းစက်မှုဇုန်တို့ကိုဖြတ်သန်းကာ အမှတ် (၁) လမ်းမကြီးတစ်လျှောက်၊ ထိုမှတစ်ဆင့် အမှတ်(၂) လမ်းမကြီးတစ်လျှောက် သွယ်တန်းရန်အတွက် လမ်းကြောင်းလျာထားပြီး မူလရေဂါလန်သန်း ၄၀၊ ထပ်တိုးရေဂါလန်သန်း ၄၀ နေ့စဉ် စုစုပေါင်းရေဂါလန် သန်း ၈၀ ရယူနိုင်မည်ဖြစ်ပါကြောင်း၊ အချင်း လက်မ ၈၀ ရှိ ပိုက်လိုင်းကို အလျား ၂၆ မိုင်ခန့် သွယ်တန်းရမည် ဖြစ်ကာ ကုန်ကျစရိတ်များပြားသဖြင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ရန်ပုံငွေပူးပေါင်းကူညီမှု များရယူ၍သော်လည်းကောင်း၊ ODA Loan ချေးငွေရယူ ၍သော်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေတွင် တင်ပြတောင်းခံ၍ နှစ်ရှည်စီမံကိန်းအဖြစ်သော်လည်း ကောင်း လုပ်ငန်းအဆင့်အလိုက်ပိုင်းခြားသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လျာထား လျက်ရှိပါကြောင်း။

သို့ပါ၍ လဂွမ်းပြင်ရေလှောင်တမံမှရေကို လဂွမ်းပြင် ရေသန့်စင်စက်ရုံသို့ ပိုက်လိုင်းဖြင့် ရေသွယ်ရယူနိုင်ရန် ရေးဦးစွာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကို လေ့လာ ဆန်းစစ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံများနှင့် စီမံကိန်း ကုန်ကျစရိတ်တွက်ချက်ခြင်းများကို ဆောင်ရွက်သွား မည်ဖြစ်ပြီး မြေပြင်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ပူးပေါင်း ၍ ရေရှည်စီမံကိန်း(Long Term Plan)များရေးဆွဲဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေပေးဝေရေးဆိုင်ရာ စီမံကိန်းကြီးများ၏ သဘောသဘာဝသည် ကနဦး ရင်းနှီးမြှုပ်နှံမှု (Initial investment) ပမာဏများသည့် အပြင် စီမံကိန်းဆောင်ရွက်ပြီးစီးပါကလည်း စီမံကိန်း လည်ပတ်ရန်နှင့် ရေရှည်တည်တံ့စေရေးအတွက် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်စဉ် ဘဏ္ဍာငွေများစွာအသုံးပြုနေရပါသဖြင့် ပြည်သူလူထု အနေဖြင့် ရေကို စနစ်တကျချွေတာ၍ တန်ဖိုးထားသုံးစွဲ ကြရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း၊ ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေး ရန်ပုံငွေ(Insurance Guarantee Fund) တည်ထောင် ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးကျော်ကျော်လတ်က အာမခံကာကွယ်ရေးရန်ပုံငွေစနစ် (Insurance Guarantee Fund)သည် စီးပွားရေးတည်ငြိမ်ရန်နှင့် အာမခံကဏ္ဍဖွံ့ဖြိုးရန်အတွက် မရှိမဖြစ်လိုအပ်သည့် ဘေးကင်းလုံခြုံရေး ကွန်ရက်ကြီးဖြစ်ပါသော်လည်း ကုမ္ပဏီများကို ထိန်းချုပ်နိုင်ရန်အတွက် အာမခံကြီးကြပ် ရေးအဖွဲ့(Regulator)က တင်းကျပ်သည့်စည်းမျဉ်းများ၊ ထိရောက်သည့် ကြီးကြပ်မှုများနှင့် တွဲဖက်ကိုင်တွယ် မှသာ အာမခံစနစ်သည် ရေရှည်အောင်မြင်မည်ဖြစ် ပါကြောင်း။

ယခုအဆို၏အခြေခံရာဖြစ်သော CHUBB Life Insurance ၏ဖြစ်စဉ်သည် မြန်မာ့အသက်အာမခံ သမိုင်းတွင် ထင်ရှားသောဖြစ်စဉ်ကြီးဖြစ်၍ ဖွံ့ဖြိုးစ မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်ကို ကြီးမားစွာ သက်ရောက်မှုဖြစ်စေခဲ့ပါကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်း သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် လွန်စွာ အကျိုးရှိသော အာမခံလုပ်ငန်းနယ်ပယ်ကို ပြင်းထန် စွာရိုက်ခတ်စေခဲ့ပါကြောင်း၊ အာမခံအကာအကွယ် ရယူသူပြည်သူလူထုက ယုံကြည်ထိုက်သောအကြောင်း အရာ၊ အစီအမံများကို အာမခံဥပဒေများ၊ နည်းဥပဒေ များထဲတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုလားလျက်ရှိပါ ကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်းက အာမခံ လုပ်ငန်းသည် နိုင်ငံတော်၏ **စာမျက်နှာ ၁၁ သို့**

# နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညျုမဟာနာယက အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကျင်းပ





**ရန်ကုန် စက်တင်ဘာ ၂၅**

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညျုမဟာနာယက အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု သက်တော် ၉၉ နှစ် သိက္ခာတော် ၇၉ ဝါရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသည်။

ဦးစွာ မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ ရုပ်ကလာပ်တော်အား မွန်းလွဲ ၂ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ဝေဇယန္တာလမ်းမကြီး တစ်လျှောက် ပင့်ဆောင်ရာလမ်းတစ်လျှောက်တွင် ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမ၊ ပြည်သူအများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် ပူဇော်ပွဲကျင်းပမည့်သဃ်ာန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK သို့ ရောက်ရှိရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဆရာတော်၊ သံဃာတော်များနှင့်အတူ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများက လောင်တိုက်တော်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပရာ ပြင်ဦးလွင်မြို့ အနီးစခန်း ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိဝံသ အရှင်မြတ်က ရုပ်ကလာပ်တော်ကို လောင်တိုက်တော်ပေါ်သို့ ကြွချီမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ရုပ်ကလာပ်တော်ကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသည့် ဆရာတော်ကြီးများက လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်မုခ်ဦးထိပ်၌ ဆရာတော်၊ သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒါယကာ၊ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ချမ်းမြေ့ရိပ်သာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘိတာဘိဝံသက နောက်ဆုံးတောင်းပန် ကန်တော့လွှာကို ပရိသတ်များကို တိုင်ကြားပေးပြီး စဉ့်ကိုင်မြို့ ပညာဓိကာရုံကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒါဘိဝံသအရှင်မြတ်က ဆရာတော်ကြီးအား တေဇောဓာတ်မီးပူဇော်မည့်အကြောင်း လျှောက်ထားတောင်းပန်သောဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ရုပ်ပုံတော်နှင့်ဘွဲ့စာတန်းပါ လျှပ်စစ်မီးရောင်စုံတို့ကို ဆရာတော် ဘဒ္ဒန္တဝါယာမနှင့် ဘဒ္ဒန္တဥဇ္ဇောတနတို့က စက်ခလုတ်နှိပ်၍ ပူဇော်ကြသည်။

ထို့နောက် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ ဗုဒ္ဓနည်းကျချမ်းသာစွာနေထိုင်နည်းတရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်အား ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘိတာဘိဝံသနှင့် တာချီလိတ်မြို့ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိရောစနတို့က စက်ခလုတ်နှိပ်၍ တေဇောဓာတ်ဖြင့် ပူဇော်ကြပြီး အန္တိမအဂ္ဂိစျာပနပွဲသို့ ကြွရောက်တော်မူကြသည့်ဆရာတော်၊သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းက သဗ္ဗေသင်္ခါရာ အနိစ္စာတိ အစချီသံဝေဂသုံးဂါထာကို ရွတ်ဆိုပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၀ မှအဆက်**

စီးပွားရေးနှင့် ပုဂ္ဂလိကစီးပွားရေးအတွက် မရှိမဖြစ်လိုအပ်သည့် အရေးပါသောလုပ်ငန်းဖြစ်ပါကြောင်း၊ အာမခံလုပ်ငန်းသည် လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လိုအပ်လာမည့် အာမခံအကာအကွယ်အမျိုးမျိုးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အာမခံစနစ်အပေါ် ပြည်သူများ ယုံကြည်စေမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို အာမခံလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့်ဗဟုသုတများကို ဖြန့်ဝေပေးနိုင်ပါက အထူးကောင်းမွန်မည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း အာမခံလုပ်ငန်းများရပ်ဆိုင်းခြင်း၊ ထွက်ခွာသွားခြင်းများ ဖြစ်ပေါ်လာသည့်အခါ အာမခံထားသူပြည်သူများ၏ ရပိုင်ခွင့်များ နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများက အာမခံကာကွယ်ရေးရန်ပုံငွေ အဖွဲ့အစည်းတစ်ခုကို နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ထောင်ရန်လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခုရပ်ဆိုင်းခြင်း၊ ထွက်ခွာခြင်းရှိပါက မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် အခြားကုမ္ပဏီတစ်ခုသို့ ပေါ်လစီများလွှဲပြောင်းပေးနိုင်သည့်စနစ်ကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန်၊ ပြည်သူများသိရှိအောင် သတင်းထုတ်ပြန်ပေးရန်၊ ပြည်သူ့ရပိုင်ခွင့်မဆုံးရှုံးစေရန်တို့ကို ကြီးကြပ်ခြင်းနှင့် ပွင့်လင်းမြင်သာမှုစနစ်များ၊ ပြည်ထောင်စုအစိုးရအနေဖြင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးစေလိုပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက အာမခံကုမ္ပဏီတစ်ခုဈေးကွက်မှ ထွက်ခွာသည့်အခါ အာမခံထားရှိသူများ၏ အကျိုးစီးပွားကို အပြည့်အဝကာကွယ်နိုင်ရန် လျော်ကြေးပေးဆောင်မှုနှင့် ပေါ်လစီလွှဲပြောင်းမှုများကို စနစ်တကျဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ မရှင်းလင်းမှု သို့မဟုတ် နှောင့်နှေးမှုများဖြစ်ပေါ်ပါက အာမခံဈေးကွက်တစ်ခုလုံး၏ ယုံကြည်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးတည်ငြိမ်မှုတို့အပေါ် အပျက်သဘောသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ပိတ်သိမ်းခြင်း၊ ထွက်ခွာခြင်းမရှိသေးသောကုမ္ပဏီများလည်းရှိနေသောကြောင့် အလားတူအဖြစ်မျိုးများ ဖြစ်ပေါ်လာပါက ပြည်သူများနစ်နာဆုံးရှုံးမှု မဖြစ်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ပေးနိုင်ရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင် အာမခံကုမ္ပဏီတစ်ခု ရပ်ဆိုင်းသွားလျှင် သို့မဟုတ် ထွက်ခွာသွားလျှင် အများပြည်သူများသိရှိစေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန်နှင့် ပြည်သူများရပိုင်ခွင့်များ မဆုံးရှုံးစေရန်တို့ကို စနစ်တကျကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများနှင့် အာမခံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံသားတို့၏ရပိုင်ခွင့် အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် ရုတ်တရက်ထွက်ခွာသွားသည့်အခါ လွှဲပြောင်းမှုကာကွယ်ရေးစနစ်များ ခိုင်မာစေရန် ခိုင်မာသောဥပဒေများ ပြင်ဆင်ရေးဆွဲထားရန် လိုအပ်နေပါကြောင်းနှင့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးမြင့်ဦးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်က အမေရိကန်အခြေစိုက် နိုင်ငံတကာအာမခံကုမ္ပဏီဖြစ်သည့် CHUBB (ချပ်)အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံမှ လုပ်ငန်းပိတ်သိမ်းပြီး ရုတ်တရက်ထွက်ခွာသွားခဲ့ပါကြောင်း၊ အလားတူဖြစ်ရပ်ကဲ့သို့ ထပ်မံပေါ်ပေါက်လာပါက အာမခံပြည်သူများ ဆုံးရှုံးမှုမဖြစ်ပွားစေရန် အာမခံကာကွယ်ရေးရန်ပုံငွေကို ဥပဒေကြောင်းအရ မဖြစ်မနေတည်ထောင်ရန်လိုအပ်ပါကြောင်း၊ ထိုရန်ပုံငွေရှိမှသာ ကုမ္ပဏီတစ်ခုခု ရုတ်တရက်ပိတ်သိမ်းပါက ပြည်သူများ ဆုံးရှုံးမှုမရှိဘဲ လျော်ကြေးနှင့် ပြန်အမ်းငွေများကို ချက်ချင်းထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီတစ်ခုပိတ်သိမ်းလိုက်သည်နှင့်တစ်ပြိုင်တည်း ပေါ်လစီနှင့် တာဝန်ယူမှုအားလုံးကို မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် အခြားခိုင်မာသည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုခုထံသို့ ဥပဒေအရ အလိုအလျောက် စနစ်တကျလွှဲပြောင်းပေးအပ်ပြီး ပြည်သူလူထု၏ အာမခံအကာအကွယ် မပြတ်တောက်သွားအောင် လုပ်ဆောင်ပေးသည့်စနစ် (Portfolio Transfer Protocol)ကို ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ညွှန်ကြားချက် သို့မဟုတ် နည်းဥပဒေအရ မဖြစ်မနေပြဋ္ဌာန်းရမည်ဟု ထင်မြင်မိပါကြောင်း။

အာမခံစနစ်ဆိုသည်မှာ ပြည်သူများ၏ ယုံကြည်မှုနှင့်လည်ပတ်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့အာမခံလုပ်ငန်းဥပဒေ (၁၉၉၃)တွင် နိုင်ငံတော်ပိုင် အာမခံလုပ်ငန်း၏ တာဝန်ယူမှုများကို နိုင်ငံတော်က အာမခံထားသကဲ့သို့ ပုဂ္ဂလိကနှင့် နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း ပြည်သူများ စိတ်အေးချမ်းသာစွာ အာမခံထားရှိနိုင်ရန်အတွက် အာမခံကာကွယ်ရေးရန်ပုံငွေကို(Guarantee Fund) စနစ်တကျထူထောင်ပေးနိုင်ရန် လိုအပ်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေးသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချိုက မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း၊ ထွက်ခွာသွားသည့်အခါ အာမခံထားသူ ပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန်၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ အာမခံလုပ်ကိုင်ခွင့်နည်းဥပဒေ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနညွှန်ကြားလွှာ ၂/၂၀၁၇ တို့ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

အဆိုရှင် တင်သွင်းသည့် အာမခံလုပ်ငန်းများ ရပ်ဆိုင်း၊ ထွက်ခွာသည့်အခါ အာမခံထားပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Grantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေများပါဝင်ထားပြီးဖြစ်ပါကြောင်း၊ အာမခံကာကွယ်ရေးရန်ပုံငွေအတွက် အသစ်ထပ်မံရေးဆွဲရန် မလိုအပ်ပါသောကြောင့် အဆိုကိုမှတ်တမ်းတင်ထားပေးရန်သာဖြစ်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးကျော်ဇင်ထွန်းက အာမခံကုမ္ပဏီတစ်ခုခုသည် ငွေကြေးအခက်အခဲကြောင့် လုပ်ငန်းရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် အာမခံလျော်ကြေးများကို မပေးနိုင်သည့်အခြေအနေဖြစ်ပေါ်လာပါက အာမခံထားရှိသူများ၏ အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည့်စနစ်သည် လက်ရှိတွင် အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာအတွေ့အကြုံများကို လေ့လာ၍ အာမခံထားရှိသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည့် အာမခံထားရှိသူများ ကာကွယ်ရေးရန်ပုံငွေ (Insurance Policyholders Protection Fund) ကို ဥပဒေနှင့်အညီ ထူထောင်နိုင်ရေးဆောင်ရွက်သင့်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အာမခံထားရှိသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် Insurance Policyholders Protection Fund တည်ထောင်နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ရန်၊ ရန်ပုံငွေထည့်ဝင်မှု၊ စီမံခန့်ခွဲမှု၊ လျော်ကြေးပေးချေမှုနှင့် ကြီးကြပ်မှုစနစ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် အာမခံကုမ္ပဏီများ၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် အာမခံထားရှိသူများ၏ အခွင့်အရေးများကို ပိုမိုကာကွယ်နိုင်ရေးအတွက် လိုအပ်သောဥပဒေပြင်ဆင်မှုများကိုလည်း ဆောင်ရွက်စေလိုပါကြောင်းနှင့် ယခုအဆိုသည် အာမခံကုမ္ပဏီများနှင့် အာမခံထားရှိသူ ပြည်သူများအတွက် အကျိုးရှိသော အဆိုဖြစ်ပါသောကြောင့် လွှတ်တော်က အတည်ပြုပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို စတုတ္ထနေ့ အစည်းအဝေး စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို စက်တင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# Final rites of the late the Most Venerable Chanmyae Sayadaw Bhaddanta Janaka Bhivamsa, State Ovadacariya, Maha Nayaka of Shwegyin Nikaya, Abhidhaja Aggamaha Saddhammajotika, Aggamaha Kammathanacariya, held



**President U Min Aung Hlaing pays respects to Chanmyae Sayadaw.**

**Nay Pyi Taw September 25**

Final rites of the late Presiding Patron of Chanmyae Yeiktha Monastery from Mayangon Township, Yangon Region, State Ovadacariya, Maha Nayaka of Shwegyin Nikaya, Abhidhaja Aggamaha Saddhammajotika, Aggamaha Kammathanacariya, Local and international global Buddhist missionary, the Most Venerable Chanmyae Sayadaw Bhaddanta Janaka Bhivamsa, aged 99 and 79 vasa, was held at Chanmyae Yeiktha Monastery this afternoon.

Present on the occasion were Sayadaws led by Ovadacariya Supreme Head (Patriarch) of the Shwegyin Nikaya Abhidhaja Maharattha Guru Abhidhaja Aggamaha Saddhamma Jotika Maha Dhammakathika Bahujana Hitadhara the Most Venerable Sitagu Sayadaw Bhaddanta Ñāṇissara, and Vice Chairman of State Sangha Maha Nayaka Committee Agga Maha Pandita Shwebo Sayadaw Bhaddanta Candavamsa, President of the Republic of the Union of Myanmar U Min Aung Hlaing, union ministers, the Yangon Region chief minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, devotees of Chanmyae Sayadaw from the country and abroad, domestic and international disciples of the Most Venerable Chanmyae Sayadaw, religious associations and devotees.

First, the President and attendees paid respects to the remains of Chanmyae Sayadaw.

The ceremony began with the threefold recitation of the Namo Tassa, followed by the radiating of metta.

The SSMNC Vice Chairman Sayadaw administered the Five Precepts, and the President and the congregation collectively paid homage to the Three Gems – the Buddha, the Dhamma, and the Sangha.

Venerable monks led by Sitagu Sayadaw recited religious verses.

President of the Republic of the Union of Myanmar U Min Aung Hlaing, Union Minister at the President's Office U Khin Maung Yi, Union Minister for Religious Affairs U Tin Oo Lwin, Union Minister for Health Dr Thet Khaing Win, Yangon Region Chief Minister U Aung Naing Thu, the chairman of Chanmyae Monastery general services committee and devotees covered the remains of the Sayadaw with a decorated velvet cloth.

The President presented offertories to Sitagu Sayadaw. Union ministers, the chief minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, and officials of Yangon Region government then presented offertories to Sayadaws.

Chanmyae Thazi Sayadaw Ashin Agga Ñāṇa read out the biography of Chanmyae Sayadaw and Patron of Sishin Monastery of Maha Withudayon Taikthit Monastery, Mandalay,Ashin Vunnitalankara Bhivamsa, a verse of devotional homage.

Message of condolences from SSMNC, Central Shwegin Gana, the Republic of the Union of Myanmar, local and foreign Chanmyae Yeiktha branches were read out by Joint Secretary Sayadaw of SSMNC Aggahama Pandita Dvipitakadhara Vinaya Pali Paragu Bhaddanta Siri Kincana Bhivamsa, Principal Secretary of Shwegyin Gana Dr. Bhaddanta Candasara, the Union Minister for Religious Affairs, and the chairman of general services committee respectively.

The President and those present listened to a Dhamma sermon delivered by the venerable Sitagu Sayadaw, followed by the sharing of merit. Led by Venerable U Sobitabhivamsa, the Presiding Patron of the Chanmyae



**President U Min Aung Hlaing carries the casket.**

Yeiktha monasteries, the lay disciples and devotees made a final apology to the venerable Chanmyae Sayadaw, asking for forgiveness for any faults they may have committed.

Next, Venerable Ashin Paññanandabhivamsa, Sayadaw of the Chanmyae Yeiktha in PyinOoLwin, respectfully requested, through an Abhiyācana Nimantana Gatha, that the late Sayadaw's physical remains be placed on the Karaweik decorated float. Members of the Sangha, the President, Union Ministers and lay disciples conveyed the late Sayadaw's remains onto the Karaweik decorated float in accordance with the prescribed arrangements and proceeded to the Suvannabhumi Event Park, where the cremation pavilion was located.

Next, an Abhiyācana Nimantana Gatha was recited to respectfully request that the late Sayadaw's remains be placed on the cremation pyre. The late Sayadaw's remains were then carried onto the pyre in accordance with the prescribed arrangements. The Union Minister for Religious Affairs, the Chief Minister of Yangon Region and those present paid homage to the late Sayadaw's remains. Led by the venerable members of the Sangha, the three verses of Dhamma reflection beginning with "Anicca Vata Sankhara" were then recited, followed by three calls of "Sadhu." The late Sayadaw's remains were then respectfully cremated in accordance with the fire element.

From a young age, the venerable Chanmyae Sayadaw studied and learned the Buddhist scriptures under senior monks and Sayadaws. He obtained the titles of Pariyatti Sasanahita Dhammacariya and Sasanadhaja Siripavara Dhammacariya. He taught Buddhist scriptures to student monks and novices studying at Maha Withokdayon Taikthit in Mandalay, and Tawya Beikman Buddhism Learning Centre in Taungdwingyi. He also served as a Pali Patisodhaka at the Sixth Buddhist Council, established the Chanmyae Yeiktha Monastery and undertook duties as a Dhamma preacher and meditation instructor. He compiled numerous religious texts, including 34 books in Myanmar and 10 books in English.

*See Page 13*

# Commander-in-Chief of Defence Services General Ye Win Oo attends choice of arms of 13th intake female graduate officer training course of Defence Services (Army) Officers Training School (Hmawby)

**Nay Pyi Taw September 25**

Commander-in-Chief of Defence Services General Ye Win Oo attended the choice of military arms of 13th intake of female graduate officers training course of Defence Services (Army) Officers Training School (Hmawby) and selected officers for relevant corps this morning.

Also present together with the Commander-in-Chief of Defence Services were the Commander-in-Chief (Navy), the Commander-in-Chief(Air), senior officers from the Office of the Commander-in-Chief of Defence Services, the commandant of the Defence Services (Army) Officers Training School (Hmawby) and officers and they met with individual cadets and selected them for appropriate Tatmadaw (Army, Navy and Air) corps based on their abidance of disciplines, outstanding performance in relevant training modules and their hobbies and efforts during the course.

Then, the Commander-in-Chief of Defence Services and party enjoyed luncheon together with the cadets and trainees of infantry company commander (female) course at the mess and cordially greeted them. 100



**General Ye Win Oo supervises the choice of arms of the 13th intake female graduate officer training course of Defence Services (Army) Officers Training School (Hmawby).**

---

*From Page 12*

The Sayadaw established the Chanmyae Yeiktha Monastery in Yangon, as well as branches in Hinthada, PyinOoLwin, Hmawby, Aungban, Taunggyi, Lewe and Tamu. He also established meditation centres abroad, including in Bangkok, Thailand; Durban, South Africa; and Springfield, the United States, where he propagated the Buddha's teachings through Vipassana meditation practice. He made more than 70 Buddhist missionary tours to numerous countries and delivered meditation teachings at foreign universities, including the University of Oxford and the University of Cambridge in the United Kingdom, and the University of Illinois, the University of Hawaii, the University of Vancouver and Oberlin College in the United States. From 2019 until his passing, he served the Sasana as a State Ovadacariya Sayadaw.

The Government offered Aggamaha Kammathanacariya title to the Sayadaw in 1995 and Abhidhaja Aggamaha Saddhammajotika title in 2009. The words of loving-kindness and blessing, "May all beings encounter the Dhamma and live in peace and happiness," were the well-known customary message of loving-kindness frequently given by the venerable Chanmyae Sayadaw. While dedicating himself to the propagation and perpetuation of the Sasana, the venerable Sayadaw passed away at the age of 99 and 79 vassa, at 11:03 a.m. on Saturday, 19 September 2026, corresponding to the eighth waxing of Tawthalin 1388 ME. Today, the final rites ceremony and Sadhu Kīḷana Dhamma offering ceremony for the venerable Sayadaw was held on a grand scale as a State-level ceremony.

The ceremony to pay homage by floating the cremated ashes of the late Chanmyae Sayadaw Bhaddanta Janakabhivamsa, the Presiding Patron of Chanmyay Yeiktha Monastery in Mayangon Township, Yangon Region; State Ovadacariya Sayadaw; Rattaññū Mahānāyaka of the Shwegyin Nikaya; Abhidhaja Aggamaha Saddhammajotika; Aggamaha Kammatthanacariya; and a prominent Dhamma missionary who propagated the Buddha's teachings both within Myanmar and abroad, will be held at the Pansodan Health Wharf on 26 September.

MNA

---

# Taze Township plans to grow more than 1,000 acres of vegetables

**Taze September 25**

More than 1,000 acres of vegetables will be cultivated in Taze Township, Sagaing Region, during the coming winter crop season, according to statistics from the Taze Township Department of Agriculture.

During the 2026-2027 winter crop season, Taze Township has set a target to grow 1,725 acres of vegetables, with cultivation scheduled from October through December this year.

"This coming winter crop season, we have set a target to grow more than 1,000 acres of vegetables in Taze Township. The crops include mustard, chilli, spices, potato, cabbage, eggplant and cauliflower. We are providing farmers with technical guidance so that all vegetables can be cultivated in accordance with Good Agricultural Practices (GAP). We will also provide farmers with guidance on producing vegetables in a safe and healthy manner while keeping chemical residues to a minimum," said U Aung Kyaw Myint, head of the Taze Township Department of Agriculture.

This year, the Taze Township Department of Agriculture will provide vegetable growers with technical training on GAP-based cultivation, as well as guidance on producing safe and healthy vegetables. It will also support farmers in expanding vegetable cultivation.

Various seasonal vegetables are grown annually in Taze Township. As vegetable cultivation has been successful and productive, it provides farmers with family income. The Township Department of Agriculture will also provide farmers who plan to grow vegetables with guidance on proper cultivation methods, pest prevention, and the preparation and use of organic fertilizers, natural pesticides and pest repellents.

206

---

# Farmers harvest more than 13,000 acres of sesame in Wetlet Township

**Wetlet September 25**

Statistics of Wetlet Township Agriculture Department stated that local farmers have harvested more than 13,000 acres of monsoon sesame in the township.

Wetlet Township has cultivated 16,080 acres of monsoon sesame during this year's monsoon crop season. Harvesting of the sesame fields began in August, and 13,588 acres had been harvested as of today, with an average yield of 16 baskets per acre.

"This year, we were able to cultivate 16,080 acres of monsoon sesame in Wetlet Township during the monsoon crop season. The sesame fields are currently being harvested, and more than 13,000 acres have been harvested as of today. We have also provided support to expand sesame cultivation, improve yields, and promote cultivation in accordance with Good Agricultural Practices (GAP)," said Daw Kyin San, head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has provided sesame growers with guidance on expanding sesame cultivation, adopting proper cultivation methods and GAP practices, using quality and pure seeds, and selecting high-yielding varieties.

Crops produced under GAP practices offer benefits such as better quality and higher prices than those produced using other cultivation methods. They can also be sold not only in domestic markets but also exported to international markets. Therefore, farmers who produce crops in accordance with GAP practices can gain greater economic benefits, which can contribute to improvements in their socioeconomic well-being.

206

# Commander-in-Chief of Defence Services General Ye Win Oo gives instructions to officers, other ranks, families of military stations under Yangon Command



**General Ye Win Oo gives instructions to officers, other ranks, and families of military stations under Yangon Command.**

**Nay Pyi Taw September 25**

Commander-in-Chief of Defence Services General Ye Win Oo delivered a speech at the meeting with officers, other ranks and families from the military stations under the Yangon Command at Zeyathiri Hall of the command headquarters this afternoon.

The meeting was attended by Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Win and wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Yangon Command, officers, other ranks and families from military stations.

In his speech, the Commander-in-Chief of Defence Services said that military service should not be regarded as a career in which personnel are permanently stationed in one place. They must always be prepared to serve wherever they are assigned and to carry out the duties entrusted to them. All military units need to be trained and developed to be capable of engaging in combat like infantry units. Military personnel should conduct themselves and interact with the public in accordance with the required code of conduct so as to earn the public's trust and goodwill towards the Tatmadaw. As major cities have now been brought into a stable and peaceful situation, efforts must continue to maintain this situation. Although the battalions and units under the Yangon Command are based in urban areas and therefore have various advantages, including access to education and healthcare, personnel must exercise self-discipline and make effective use of the social opportunities available to them.

Obedience to orders is essential to becoming a good serviceman. Military drill is taught with the aim of fostering obedience to orders and maintaining good military discipline. As a strong military unit depends on good servicemen, being a good serviceman requires a combination of good military discipline and obedience to orders. Therefore, officers and soldiers need to be continuously trained to become good servicemen. Regarding combat readiness and proficiency, personnel must be well trained in the skilled handling of the weapons and equipment assigned to their respective units. In addition, they need to be trained to maintain physical fitness, develop proficiency and demonstrate courage. Deputy commanders need to implement the policies of their commanders and provide effective support to them. They must also take responsibility for supervising the training and discipline of their units.

Administrative capability plays a very important role in the Tatmadaw, as weaknesses in administration can also affect military capability and organizational capability. Therefore, administrative capability is particularly important among the three capabilities. Administrative capability should be addressed comprehensively, covering food, accommodation, transportation and living conditions, as well as maintaining military discipline, and those responsible must ensure that these matters are properly managed and maintained. In administration, commanders need to demonstrate the qualities of good leadership, a paternal attitude and empathy. Lack of fairness and equitable administration would weaken unity within the unit. Therefore, commanders must not indulge themselves or their subordinates. Indulging oneself could lead to deterioration, while being overly lenient towards subordinates could result in incidents, problems and complications.

In dealing not only with the public but also with subordinates, personnel need to treat them with goodwill and genuine concern. Goodwill means acting with a good heart and good intentions so that what should and ought to happen happens, while what should not happen does not happen. The feelings a parent has for their children and a teacher has for their students are examples of such goodwill. Age is not the main consideration.

As the commander and the commander's wife are regarded as the father and mother of the unit, they need to live and conduct themselves accordingly. Officers' wives who live with their husbands at the unit are expected to support their husbands in their duties, not to interfere in their work.

Regarding the measures concerning female military personnel, many advantages can be seen. These measures were planned and implemented with the foresight of the senior leadership of the Tatmadaw with the aim of meeting international standards. Female military personnel should be cared for as good colleagues, like brothers and sisters or one's own children. Those who need guidance and discipline should also be properly looked after so that they do not go astray. Female military personnel are also an important strength of the Tatmadaw. Strict discipline needs to be maintained in matters concerning female military personnel. Tatmadaw has recruited female military personnel with a significant purpose in mind. In addition, necessary measures should be taken to supervise and ensure that female officers serving in offices and departments, as well as female officers studying at civilian universities, are not exploited through social media networks.

The wives of Tatmadaw personnel are a reserve force of the Tatmadaw, and they can be relied upon because they have a motherly spirit. Regarding the wives of Tatmadaw personnel, as they have left their parental homes to establish families relying on their husbands as the heads of their households, we have a responsibility to look after them, and everyone needs to foster a sense of family. The wives and family members of Tatmadaw personnel are also part of the country's defence strength. Therefore, efforts must be made to supervise and organize them systematically, beginning with unity and solidarity within the family.

Leaders should properly carry out welfare measures for their subordinates, as this would also contribute to unity within the military. They should work with goodwill for the welfare of military units, and effectively implement welfare measures based on agriculture and livestock breeding. Responsible personnel at all levels should also give due attention to landscaping and beautification of military compounds to make them pleasant places for officers and other ranks to live.

Building the military through morale involves promotions, leave entitlements, training opportunities, sports and recreational activities, and ensuring that soldiers receive their rights and entitlements fully and on time. Training, administration and welfare also have a direct impact on morale-building. As measures must be taken to boost soldiers' morale, commanders need to meet with their subordinates closely and live in close contact with them.

Commanders should work to promote education among the soldiers and their families and encourage reading. If more educated soldiers are produced in the military, their capacity for critical thinking will also improve. As soldiers' ability to think and foresee improves, administrative burdens will also be reduced. Books should therefore be made available, reading time should be provided, and an environment conducive to reading should be created whenever they have free time.

Regarding the education of family members' children, what military personnel can provide their children is an educational legacy. All children of military personnel and dependants should receive education at least up to KG+9 (the basic education middle-school level). As a model objective, efforts should be made to ensure that all children of dependants attend school at least up to KG+9.

Battalions and units should provide necessary assistance to basic education schools within their respective areas of responsibility. Military youth education schools are also being opened, and efforts will be made to develop high-quality human resources (HR) among those who complete their education at these schools.

Tatmadaw has many veterans serving as a reserve force, and continuous contact should be maintained, as far as possible, with veterans in respective areas regarding their housing, living conditions, food, education and healthcare. Care should also be provided to their wives, sons, daughters and families. When they encounter difficulties, personnel should show empathy toward them as they would toward their own siblings and children and assist them according to their needs. Tatmadaw is constructing veterans' housing in respective regional military commands. ***See Page 15***

# Tatmadaw effectively crushes terrorist insurgent base with cooperation of conscientious citizens and informants

**Nay Pyi Taw September 25**

Terrorist insurgent groups, acting under the banner of the PDF and serving as subordinates to the CRPH and NUG terrorist entities, took advantage of the 2021 political transition and the aftermath of clashes in northern Shan State that began on 27 October 2023. Rather than seeking political resolutions, they opted for an armed terrorist approach to achieve their unrealistic ambitions and undermine the government administrative machinery. Aided by certain ethnic armed organizations, they deployed PDF terrorist insurgents on the front lines to forcefully occupy towns and villages, oppress and mistreat local populations, and initiate armed hostilities.

Armed terrorists across various so-called PDF factions sought to disrupt the administrative machinery, compromise regional stability, derail development undertakings, and instil fear among local ethnic nationalities who wished to live peacefully. To this end, they detonated mines targeting departmental structures, religious buildings, hospitals, clinics, and industrial facilities; set fire to residential properties; arbitrarily arrested and killed locals who refused to support their acts; extorted funds; forcibly recruited personnel; and set up temporary defensive works and bunkers in schools and religious compounds to stage terrorist operations. These actions forced local civilians to abandon their homes and assets in great distress to seek shelter in safer areas.

Local ethnic people yearning for peace, as well as some members of the terrorist outfits who faced inner oppression and grew weary of terrorist activities, became utterly disgusted with the unlawful and atrocious acts committed by the allied insurgent groups. Consequently, they reported intelligence on the terrorists' movements to nearby military camps and security forces with a sense of civic duty.

After thoroughly verifying the reports received from conscientious citizens and internal informants, security personnel executed essential area security clearance operations and air strikes against the so-called "Special Military Region Headquarters" of the terrorist NUG, located along the border of Bago Region and Mon State. The strikes inflicted heavy casualties on the terrorist insurgents.

Following systematic reconnaissance of the provided intelligence, Tatmadaw columns delivered decisive air strikes. As a result, DCS deserter Nay Win Aung—who acted disloyally against the State and the Tatmadaw while undermining regional peace and development—was killed. Furthermore, DCS deserter Tin Lin Aung, regional commander Aung San Shar of the NUG's Special Military Region Headquarters, along with other leaders and members of the terrorist NUG, sustained critical injuries or were killed.

The two DCS deserters, Nay Win Aung and Tin Lin Aung, committed treason against the State and the Tatmadaw by taking refuge with armed terrorist outfits. They repeatedly showed extreme disloyalty, hurled insults at dutiful service personnel, and engaged in treacherous acts. Public outcry and condemnation have widely branded their eventual demise as retribution for their acts of betrayal.

The PDF terrorist insurgents, misled by the instigations of the NUG and CRPH, continue to carry out acts of terror that severely hamper local socio-economic development across education, health, and livelihoods, while gravely compromising the educational and life prospects of school-aged children. Responsible citizens who desire peace and genuinely wish to contribute to the State and their local communities are encouraged to confidentially supply information regarding the hideouts, troop movements, and unlawful acts of terrorists to nearby security posts. Monetary rewards are being granted discreetly to informants. The Tatmadaw's precise air and ground strikes in this operation were made possible through the accurate intelligence relayed by internal informants opposed to terrorism.

The Tatmadaw will continue to step up necessary counter-terrorism operations in collaboration with conscientious local residents to prevent armed insurgents—who disrupt stability and development through various schemes—from establishing footholds anywhere in the country to carry out ruthless, unlawful acts. 100

*From Page 14*

Basic foodstuffs, furniture and household items should also be systematically provided so that veterans and their families who move into these housing complexes can live and eat comfortably from the outset.

Health and physical fitness are indispensable for Tatmadaw. Physical fitness cannot be achieved immediately by simply starting exercise; it must be trained and developed from an early stage. Only by knowing the extent to which the physical fitness of military personnel has improved can they effectively carry out their other operational duties.

All commanders should possess the essential qualities of leadership. Without good leadership, good followers cannot be developed. Commanders must constantly guide and instruct their subordinates while also exercising proper supervision and discipline. Senior commanders and officers should maintain contact not only with military families but also with the public in a constructive manner. Rallies, meetings, discussions and recreational activities are also forms of engagement with military families and should therefore be conducted properly. A commander may be disliked, but must say what needs to be said, take action where necessary, give awards where deserved, assign positions where appropriate and recognize those who merit recognition. To do so, commanders must understand the actual circumstances of their subordinates.

Betrayal, operational misconduct and drug-related offences in Tatmadaw are absolutely unacceptable and will be subject to effective action. Military personnel should perform their duties faithfully and remain loyal at all times to the State and Tatmadaw, based on honesty and dedication, it was stated. He then asked about the needs of officers, other ranks and their families and coordinated with responsible officials to provide the necessary assistance.

After the meeting, the Commander-in-Chief of Defence Services and his wife, together with the accompanying members, warmly greeted the officers, other ranks and family members who attended the meeting, it is reported. 100

# Dried chillies sell well at domestic market in Wakema Township



Photo captures dried chillies that see high demand in domestic market.

**Wakema September 25**

Daw Thu Thu Win, the foodstuff trader in Wakema Township of Ayeyawady Region, said that the demand is high in trading of dried chilli in Wakema Township.

Dried chilli has been selling well in Wakema Township since the second week of September this year. As dried chilli is currently in season in the area, it is fetching between K17,500 and K21,000 per viss.

"Dried chilli is selling well. In this area, I have seen two types of dried chilli produced by local farmers being actively traded. The dried chilli currently being traded is freshly produced. As the dried chilli market is doing well, both chilli growers and agricultural workers are benefiting. This year, fewer farmers are growing chilli than last year, while demand has increased not only in the local market but also in the Yangon market, resulting in good trading," said Daw Thu Thu Win, an owner of a foodstuff trading business in Wakema Township.

Dried chilli produced by farmers in Wakema Township is of good quality and free from pest and disease infestation and mould contamination. As demand for locally produced dried chilli has increased, both growers and agricultural workers are benefiting.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ရွှေဘိုဆရာတော် ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

ရှေ့ဖုံးမှအဆက်

အဂ္ဂမဟာပဏ္ဍိတ ရွှေဘိုဆရာတော် ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသတို့အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ပြည်တွင်းပြည်ပမှ တပည့်သာဝက ဒါယကာ၊ ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဧည့်ပရိသတ်များ စည်ကားများပြားစွာဖြင့် တက်ရောက်ပူဇော်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများက ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အခမ်းအနားကို “နမော တဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး “ကြိုးစားကြပါစို့” ဟူသော ချမ်းမြေ့အဓိဋ္ဌာန်နှင့် မေတ္တာပို့လင်္ကာတို့ကို စုပေါင်းသံပြိုင်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေဘိုဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့ကို ရှိခိုးခြင်းဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ သီတဂူဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော်ကြီးများက “သဗ္ဗေ သင်္ခါရာ အနိစ္စာတိ” အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌနှင့် ဥပါသကာများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သီတဂူဆရာတော်ဘုရားကြီးထံ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှတာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ချမ်းမြေ့သာစည်ဆရာတော် အရှင်အဂ္ဂဉာဏက ဖတ်ကြားပူဇော်ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းနာယကဆရာတော် အရှင်ဝဏ္ဏိတာလင်္ကာရာဘိဝံသက ကိုယ်တိုင်ရေးသားပူဇော်အပ်သည့်မဟာထေရဂုဏပူဇာ သံဝေဇနီယဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားများတော်မူကြောင်းသဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဝိနယပါဠိပါရဂူ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသိရီကဉ္စနာဘိဝံသကလည်းကောင်း၊ ရွှေကျင်ဂိုဏ်းဗဟိုဌာန၏ သံဝေဂဉာဏ်ပွားများတော်မူကြောင်းသဝဏ်လွှာကို ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင်ချုပ် ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရကလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ဆက်ကပ်တော်မူသည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ပြည်တွင်းပြည်ပ ချမ်းမြေ့ရိပ်သာများအဖွဲ့က ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ချမ်းမြေ့ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း ဖတ်ကြားပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် သီတဂူဆရာတော်ဘုရားကြီးထံမှ မဇ္ဈသံဝေဂကထာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြပြီး ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော် ဦးသောဘိတာဘိဝံသ ဦးဆောင်၍ တပည့်ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိကခွင့်လွှတ်တော်မူရန် ချမ်းမြေ့ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန်ကန်တော့ကြသည်။

ဆက်လက်၍ ပြင်ဦးလွင် ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ပညာနန္ဒာဘိဝံသက ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစနနိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တပည့်ဒါယကာများက ဆရာတော်ကြီး၏ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်းပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ သုဝဏ္ဏဘုမ္မိကွင်းသို့ ဆက်လက်ပင့်ဆောင်ကြသည်။

ယင်းနောက် ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစနနိမန္တနဂါထာဖြင့်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့် နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကို တွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမမြောက်နေ့သို့ လာရောက်လေ့လာသည့်နေပြည်တော်အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကို ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက်အအုံ(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် လွှတ်တော်စနစ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုပုံအဆင့်ဆင့်နှင့် လွှတ်တော်၏ လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ဆောင်ရွက်ချက်များကို ပြည်သူများပိုမိုသိရှိစေရန်အတွက် ဆောင်ရွက်နေမှုများနှင့် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း ငါးနှစ်စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် နိုင်ငံသားအားလုံးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပိုမိုလုံခြုံစိတ်ချရသည့် လူနေမှုဘဝရရှိရေးအတွက် တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ခြင်းနှင့် လိုအပ်ပါက ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်အမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှတက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်သို့လေ့လာရေးလာရောက်သည့် Jasmine May ကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏လွှတ်တော်ပုံစံတူ(Mock Parliament) သရုပ်ပြအစီအစဉ်တစ်ရပ်ကို ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်စိတ်ပါဝင်စားစွာ လက်တွေ့ပါဝင် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်းကိုလက်ခံတွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကျင်းပမည့် 2026 CGC (Circuit Global Championship / China Global Championship)သို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် နည်းပညာရှင်လူငယ်လေးဦးကို အားပေးစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏိဿရထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တောင်းပန်လျှောက်ထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်ပေါ်သို့ အစီအစဉ်အတိုင်းပင့်ဆောင်၍ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြကာ သံဃာတော်အရှင်သူမြတ်များဦးဆောင်၍ အနိစ္စာဝတသင်္ခါရာအစချီသော သံဝေဂသုံးဂါထာကိုရွတ်ဆိုပွားများပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပနတေဇောဓာတ်ဖြင့် ပူဇော်ခဲ့ကြသည်။

ချမ်းမြေ့ဆရာတော် ဘုရားကြီးသည် ငယ်ရွယ်စဉ်ကတည်းကပင် ဆရာတော်၊ သံဃာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သဖြင့် **“ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့၊ သာသနာဓဇသိရီပဝရဓမ္မာစရိယဘွဲ့”**တို့ကို ရရှိတော်မူခဲ့ပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ တောင်တွင်းကြီးမြို့ တောရဗိမာန်စာသင်တိုက်တို့၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိသောဓကအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာကျောင်းတိုက်တည်ထောင်၍ တရားဟောတရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ်စသော စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌လည်းကောင်း ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီးအကြိမ် ၇၀ ကျော်ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်၊ ကိန်းဘရစ်ချ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်၊ ဟာဝိုင်ရီတက္ကသိုလ်၊ ဗန်ကူးမားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ်စသော ပြည်ပနိုင်ငံတက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့ထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ထိုကဲ့သို့ ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ကမ္မဋ္ဌာနာနယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဓာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **“အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ”** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **“အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ **“သတ္တဝါမှန်သရွေ့တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ”**ဆိုသည့်မေတ္တာပို့ဆုတောင်းစကားသည် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထင်ရှားသည့် လက်သုံးမေတ္တာပို့ဩဝါဒကထာဖြစ်ပြီး ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ် သိက္ခာတော် ၇၉ ဝါအရ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် စနေနေ့ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကာ ယနေ့တွင် အန္တိမအဂ္ဂိစျာပနသာဓုကီဠန ပူဇာသဘင်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် နိုင်ငံတော်အဆင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ သရီရဓာတုပဝါဟနပူဇာဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်တွင် ပန်းဆိုးတန်းကျန်းမာရေးဆိပ်ကမ်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများနှင့်ဆက်သွယ်သည့် Class A,Class B နှင့် Class C အဆင့် လမ်းများတိုးချဲ့ဆောင်ရွက်ရေးနှင့် လုပ်ငန်းများမထပ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်၊ပြည်မ အကြားအလပ်မရှိစေရေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်” ဟူသော မဟာဗျူဟာချမှတ်ချက်နှင့်အညီ ပြည်နယ် ခုနစ်ခုနှင့် တိုင်းဒေသကြီး နှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ဒေသတို့တွင် သာမက ဖွံ့ဖြိုးမှုအားနည်းသောဒေသများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ မဟာဗျူဟာ၊ မူဝါဒများနှင့်အညီ ဖွံ့ဖြိုးရေးဆိုင်ရာ လမ်းတံတားလုပ်ငန်းများဖြစ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ Class A, Calss Bနှင့် Calss C အဆင့်လမ်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် လမ်းများတိုးချဲ့ဆောင်ရွက်ရေးနှင့် လုပ်ငန်းများမထပ်စေရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အဓိကအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဒေသများကိုအခြေခံ၍ လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်း၊ တံတားလုပ်ငန်းများကို လုပ်ငန်းလိုအပ်ချက်ရှိသည့်အတိုင်း ကွင်းဆင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကွင်းဆင်းစိစစ်ရာ၌ အမှန်တကယ်လိုအပ်ချက်ရှိသည့်လမ်းပိုင်းများကို လျာထားဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲလမ်းတံတားလုပ်ငန်းများ၊ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် လျာထားလုပ်ငန်းများ၊ လမ်းအဆင့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လျာထားလုပ်ငန်းများ၊ လမ်းအဆင့်သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၃)စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများကို တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့်ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းကျောင်းစားရိပ်သာ၌ ဗိုလ်လောင်းများ၊ ခြေလျင်တပ်ခွဲမှူး(အမျိုးသမီး)သင်တန်းမှ သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြပြီး သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ Grade-10 ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုယ်ရည် တို့လှမ်းချီ " သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အတန်းလိုက် ပထမဆုရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ဦးရေ ၂၀ စုစုပေါင်း ၃၈ ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် Grade-10 ကျောင်းသား၊ ကျောင်းသူများက "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာမတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖူးကြီးမြို့နှင့် တိုက်ကြီးမြို့နယ်တို့ရှိ နယ်မြေခံတပ်ဌာနချုပ်နှင့် တပ်ရင်းအသီးသီးတို့၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

အဆိုပါ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးနှင့် စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော မှော်ဘီတပ်နယ်မှ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာများတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် တိုက်ကြီးတပ်နယ်မှ အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**သစ်တောတွေထိန်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏။**

☆ ကျောဖုံးမှအဆက်

ကျင့်ဝတ်များနှင့်အညီ ထိတွေ့ဆက်ဆံနေရန်လိုကြောင်း၊ လက်ရှိအခြေအနေတွင် မြို့ကြီးများကို တည်ငြိမ်အေးချမ်းသောအခြေအနေဖြစ်အောင် တည်ဆောက်ထားပြီးဖြစ်၍ ၎င်းအခြေအနေကို ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် မြို့ပြတွင် အခြေပြုနေထိုင်သော တပ်များဖြစ်၍ ပညာရေး၊ ကျန်းမာရေးစသည့် အားသာချက်များစွာရှိသော်လည်း မိမိကိုယ်ကိုထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ ပိုင်ဆိုင်ထားသည့် လူမှုဘဝအခွင့်အလမ်းများကိုလည်း အကျိုးရှိရှိအသုံးချတတ်ရန်လိုအပ်ကြောင်း။

တပ်မတော်သားကောင်းတစ်ယောက်ဖြစ်ရန် အမိန့်နာခံမှုသည် အရေးကြီးကြောင်း၊ အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်း ကောင်းမွန်စေမှုအတွက် ရည်ရွယ်ပြီး စစ်ရေးပြကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ စစ်သားကောင်းဖြစ်မှ တပ်ကောင်းမည်ဖြစ်သောကြောင့် စစ်သားကောင်းဖြစ်ခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုနှစ်ခုကို ပေါင်းစပ်ထားခြင်းကြောင့် အရာရှိ၊ စစ်သည်များကို စစ်သားကောင်းများဖြစ်လာစေရေး အမြဲလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ လေ့ကျင့်သားပြည့်ဝမှုနှင့် ပတ်သက်၍ တပ်ဖွဲ့အလိုက် တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်ရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်နှင့် ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ ဒုတိယ တပ်မှူးများသည် တပ်မှူးများ၏ မူဝါဒကို အကောင်အထည်ဖော်ရန်နှင့် တပ်မှူးများအတွက် အထောက်အပံ့ကောင်းပေးနိုင်ရန်လိုအပ်ပြီး တပ်၏လေ့ကျင့်ရေးနှင့် စည်းကမ်းပိုင်းဆိုင်ရာများကို တာဝန်ယူကြပ်မတ်နေရန်လိုကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုအားနည်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ ထိခိုက်နိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်၊ ကိုယ်ချင်းစာတရားများ ရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှု မရှိခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုနှင့် လက်အောက်ကို အလိုမလိုက်ရန်လိုကြောင်း၊ မိမိကိုယ်မိမိ အလိုလိုက်ပါက ပျက်စီးနိုင်ပြီး လက်အောက်ကို အလိုလိုက်လျှင် အမှုအခင်းများ၊ ပြဿနာများနှင့် ရှုပ်ထွေးလာနိုင်မည်ဖြစ်ကြောင်း။

> **တပ်မတော်သားကောင်းတစ်ယောက်ဖြစ်ရန် အမိန့်နာခံမှုသည် အရေးကြီး၊ စစ်သားကောင်းဖြစ်မှ တပ်ကောင်းမည်ဖြစ်သောကြောင့် စစ်သားကောင်းဖြစ်ခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံတတ်မှုနှစ်ခုကို ပေါင်းစပ်ထားခြင်းကြောင့် အရာရှိ စစ်သည်များကို စစ်သားကောင်းများဖြစ်လာစေရေး အမြဲလေ့ကျင့်ပေးသွားရန်လို၊ တပ်မတော်သားများအနေဖြင့် ရိုးသားမှုနှင့်ကြိုးစားမှုကိုအခြေခံ၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် အမြဲတမ်းသစ္စာစောင့်သိစွာဖြင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သွားကြရန်လို. . .**

ပြည်သူလူထုဆက်ဆံရေးတွင်သာမက မိမိလက်အောက်ငယ်သားနှင့် ဆက်ဆံရာတွင်လည်း စေတနာထားပြီး ဆက်ဆံရန်လိုကြောင်း၊ စေတနာဆိုသည်မှာ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဖြစ်ရန်၊ မဖြစ်သင့် မဖြစ်ထိုက်သည်ကို မဖြစ်ရန်၊ စိတ်ကောင်းစေတနာကောင်းဖြင့် လုပ်ခြင်းသည် စေတနာပင်ဖြစ်ကြောင်း၊ မိဘက သားသမီးကိုထားသည့်စိတ်၊ ဆရာက တပည့်အပေါ်ထားသည့် စိတ်မျိုးသည် စေတနာပင်ဖြစ်ကြောင်း၊ အသက်ကြီးသည်ငယ်သည်မှာ အဓိကမဟုတ်ဘဲ တပ်မှူးနှင့် တပ်မှူး၏ဇနီးသည် တပ်၏ အမိအဖဖြစ်သည့်အတွက် လိုက်ပါနေထိုင်ရန်လိုကြောင်း၊ တပ်တွင်လိုက်နေသည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏ အလုပ်ကိုကူညီပေးရန်ဖြစ်ပြီး ဝင်ရောက်စွက်ဖက်ရန် မဟုတ်ကြောင်း။

အမျိုးသမီးစစ်မှုထမ်းနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များတွင် အားသာချက်များစွာရှိသည်ကို တွေ့ရကြောင်း၊ တပ်မတော်အကြီးအကဲတို့၏ အမြော်အမြင်ကြီးမှုဖြင့် နိုင်ငံတကာအဆင့်အတန်းမီအောင် စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ဖော်ကိုင်ဖက်ကောင်းများအဖြစ် မောင်ရင်းနှမကဲ့သို့၊ သားသမီးအရင်းအချာကဲ့သို့ စောင့်ရှောက်ပေးရန်လိုကြောင်း၊ ထိန်းသိမ်းသွန်သင်ပေးရန်လိုအပ်သူများကိုလည်း လမ်းလွဲမရောက်အောင် စောင့်ရှောက်ပေးရန်လိုကြောင်း၊ အမျိုးသမီး စစ်မှုထမ်းများသည်လည်း တပ်မတော်၏ အဓိကအင်အားပင်ဖြစ်ကြောင်း၊ အမျိုးသမီးစစ်မှုထမ်းနှင့် ပတ်သက်လျှင် စည်းကမ်းတိတိကျကျ ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသမီးစစ်မှုထမ်းများကို ရည်ရွယ်ချက်ကြီးမားစွာ ခန့်အပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ပြင် တစ်ဖက်ကလည်း ရုံး၊ ဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးအရာရှိများနှင့် အရပ်ဘက်တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် အမျိုးသမီးအရာရှိများကို Social Media Network များ၌ အသုံးချမခံရစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။

ရဲမေများသည် တပ်မတော်၏အရန်အင်အားများဖြစ်ပြီး မိခင်စိတ်ရှိသည့်အတွက်ကြောင့် အားကိုးရကြောင်း၊ ရဲမေများနှင့်ပတ်သက်လျှင် ၎င်းတို့သည် အိမ်ထောင်ဦးစီးကိုအားကိုး၍ မိဘအိမ်မှ ခွဲထွက်လာခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် စောင့်ရှောက်ရန်တာဝန်ရှိပြီး အားလုံးက မိသားစုစိတ်မွေးရန် လိုကြောင်း၊ တပ်မတော်ရှိ အိမ်ထောင်သည် ရဲမေမိသားစုဝင်များသည် နိုင်ငံတော်၏ ကာကွယ်ရေး စွမ်းပကားများပင်ဖြစ်၍ မိသားစုစည်းလုံးညီညွတ်ရေးမှအစပြုပြီး စနစ်တကျစုဖွဲ့လုပ်ဆောင်နိုင်ရေးအတွက် ကြပ်မတ်သွားရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်များအနေဖြင့် မှန်မှန်ကန်ကန်နှင့် လက်အောက်၏ သက်သာချောင်ချိရေးအပိုင်းကို ဆောင်ရွက်ပြီး လုပ်ဆောင်မည်ဆိုပါက တပ်တွင်း စည်းလုံးညီညွတ်ရေး များတွင်လည်း အထောက်အကူ ရရှိမည်ဖြစ်ကြောင်း၊ သက်သာချောင်ချိရေးနှင့် ပတ်သက်ပြီး တပ်များအပေါ် စေတနာထား၍ လုပ်ဆောင်ရန်လိုကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် သက်သာချောင်ချိရေးကိစ္စရပ်များ ထိထိရောက်ရောက်လုပ်ရန်လိုအပ်ကြောင်း၊ အရာရှိ၊ စစ်သည်များ တပ်နေပျော်စေရေးအတွက် သက်သာချောင်ချိရေး ကိစ္စများသာမက တပ်များတွင် နေချင်စဖွယ်ဖြစ်အောင် တပ်သာယာလှပရေး လုပ်ငန်းများကိုလည်း တာဝန်ရှိသူအဆင့်ဆင့်က အလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

စိတ်ဓာတ်ဖြင့် တပ်တည်ဆောက်ခြင်းသည် ရာထူးတိုးမြှင့်ပေးခြင်း၊ ခွင့်ခံစားခြင်း၊ သင်တန်းတက်ရောက်ခြင်း၊ အားကစားနှင့်ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ စစ်သည်များ၏ ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့်သက်သာချောင်ချိရေးတို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏ စိတ်ဓာတ်မြှင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့် လက်အောက်နှင့် အနီးကပ်တွေ့ဆုံပြီး လက်ပွန်းတတီး နေထိုင်ရန် လိုအပ်ကြောင်း။

တပ်မှူးများသည် တပ်ဖွဲ့အတွင်းရှိ ရဲဘော်များနှင့် မိသားစုဝင်များ၏ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် စာဖတ်အားမြှင့်တင်ရေး လုပ်ရန်လိုကြောင်း၊ မိမိတို့တပ်မတော်တွင် ပညာတတ်စစ်သည်များလာပါက စဉ်းစားတွေးခေါ်နိုင်စွမ်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ မိမိတို့စစ်သည်များ တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားလာပါက အုပ်ချုပ်မှုဖြစ်စဉ်များလည်းလျော့နည်းသွားမည်ဖြစ်ကြောင်း၊ စာဖတ်နိုင်ရန်အတွက်လည်း စာအုပ်များထားရှိရန်၊ စာဖတ်ချိန်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ရရှိသည့်အချိန်တွင် စာဖတ်နိုင်သည့် အခြေအနေရရှိစေရေး ဖန်တီးပေးရန်လိုကြောင်း။

မိသားစုဝင် သားသမီးများပညာသင်ကြားရေးနှင့်ပတ်သက်၍ မိမိတို့တပ်မတော်သားများအနေဖြင့် သားသမီးများကိုပေးနိုင်သည်မှာ ပညာအမွေသာဖြစ်ကြောင်း၊ တပ်မတော်သား၊ မှီခိုသူများ၏ သားသမီးများအားလုံးသည် အနည်းဆုံး KG+9 (အခြေခံပညာအလယ်တန်းအဆင့်) ထိ ပညာသင်ကြားရမည်ဖြစ်ပြီး စံနမူနာပြအနေဖြင့် မှီခိုသူသားသမီးများအားလုံး အနည်းဆုံး KG+9 (အခြေခံပညာအလယ်တန်းအဆင့်)ထိ တက်ရောက်ရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် စည်းရုံးရေးနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများအတွက် လိုအပ်သည်များကို လုပ်ဆောင်ပေးရန်လိုကြောင်း၊ တပ်မတော်လူငယ်ပညာရေးကျောင်းများ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါကျောင်းများတွင် တက်ရောက် ပညာသင်ကြားပြီးပါက အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ် (HR) ရရှိလာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်တွင် အရန်အင်အားအနေဖြင့် စစ်မှုထမ်းဟောင်းများစွာရှိနေပြီး စစ်မှုထမ်းဟောင်းများ၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ပညာရေးနှင့်ကျန်းမာရေးများကို တတ်နိုင်သလောက် သက်ဆိုင်ရာနယ်မြေအလိုက် ထိတွေ့မှုမပြတ် လုပ်ဆောင်နေကြရန်လိုပြီး ၎င်းတို့၏ဇနီး၊ သားသမီး၊ မိသားစုများကိုပါ စောင့်ရှောက်ပေးရန်လိုကြောင်း၊ အခက်အခဲတွေ့ကြုံလာပါက နှမချင်း၊ သားသမီးချင်းစာနာပြီး ၎င်းတို့၏လိုအပ်ချက်ကို ကူညီပေးရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် တိုင်းစစ်ဌာနချုပ်များအလိုက် စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်ပေးလျက်ရှိကြောင်း၊ အဆိုပါအိမ်ရာများတွင် လာရောက်နေထိုင်ကြမည့် စစ်မှုထမ်းဟောင်းများနှင့်မိသားစုဝင်များ အဆင်သင့်နေထိုင်စားသောက်နိုင်ရေးအတွက် အခြေခံစားကုန်များ၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးထားရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရေးသည် မိမိတို့တပ်မတော်အတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍မရနိုင်ဘဲ ယခင်ကတည်းကလေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများ၏ ကျန်းမာကြံ့ခိုင်မှု မည်မျှတိုးတက်သည်ကိုသိမှသာ ကျန်သည့်စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တပ်မှူးများ အားလုံးသည် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့် ပြည့်စုံနေရန်လိုကြောင်း၊ ခေါင်းဆောင်မှုမကောင်းလျှင် နောက်လိုက်ကောင်းလည်း မရနိုင်ကြောင်း၊ တပ်မှူးများအနေဖြင့် လက်အောက်ကို အမြဲတမ်းဆုံးမသွန်သင်ပေးရန်လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ထိန်းသိမ်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မှူး၊ အရာရှိကြီးများသည် တပ်မိသားစုနှင့်ထိတွေ့ရန်လိုသကဲ့သို့ ပြည်သူလူထုနှင့်လည်း အပြုသဘောဆောင်သည့် ထိတွေ့မှုရှိရန်လိုကြောင်း၊ ဆန္ဒဖော်ထုတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများသည် မိမိတပ်မိသားစုများနှင့် ထိတွေ့မှုများပင်ဖြစ်သည့်အတွက် မှန်မှန်ကန်ကန်လုပ်ရန်လိုကြောင်း၊ Commander သည် အမုန်းခံရမည်၊ ပြောစရာရှိကပြောရမည်၊ အရေးယူစရာရှိကယူရမည်၊ ချီးမြှင့်စရာရှိက ချီးမြှင့်ရမည်၊ နေရာပေးစရာရှိက နေရာပေးရမည်၊ အသိအမှတ်ပြုစရာရှိက အသိအမှတ်ပြုရမည်ဖြစ်ပြီး ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် လက်အောက်၏ အခြေအနေအမှန်ကို သိရှိရန်လိုကြောင်း။

တပ်မတော်တွင် သစ္စာဖောက်မှု၊ စစ်ဆင်ရေးမှုနှင့် မူးယစ်ဆေးဝါးမှုများသည် လုံးဝခွင့်လွှတ်၍မရသည့် အမှုများဖြစ်ပြီး ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် ရိုးသားမှုနှင့် ကြိုးစားမှုကိုအခြေခံ၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် အမြဲတမ်းသစ္စာစောင့်သိစွာဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်






နေပြည်တော် စက်တင်ဘာ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Liu Wei ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ် (Global Sustainable Transport Forum 2026 )သို့ တက်ရောက်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖိုရမ် (Global Sustainable Transport Forum 2026) ကို ကမ္ဘာ့ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးနိုင်ရန်၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အစီအမံ (Global Development Initiative – GDI) နှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအစီအမံ (Global Governance Initiative – GGI) တို့ကို ရှေ့သို့အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်၊ ထို့ပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (SDGs) နှင့် "ကုလသမဂ္ဂ ရေရှည်တည်တံ့သောသယ်ယူပို့ဆောင်ရေး ဆယ်စုနှစ် ၂၀၂၆–၂၀၃၅" (UN Decade of Sustainable Transport 2026–2035) တို့ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဦးဆောင်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးအဆင့် ဦးရေ ၄၀ ခန့်နှင့် နိုင်ငံအသီးသီးမှ ပို့ဆောင်ရေးဆိုင်ရာ အရာရှိကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖိုရမ်၏ ပထမနေ့ဖြစ်သော စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ဖိုရမ်၏စုံညီအစည်းအဝေး (Plenary Session) တွင် ဖိုရမ်၏ အဓိကဆောင်ပုဒ်ဖြစ်သော "Sustainable Transport: Easier Movement of People and Smoother Flow of Goods" (ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေး–လူသားတွေ ပိုမိုလွယ်ကူစွာသွားလာနိုင်ရေးနဲ့ ကုန်စည်တွေ ပိုမိုချောမွေ့စွာ စီးဆင်းနိုင်ရေး) ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ညနေပိုင်းတွင် ဝန်ကြီးများဖိုရမ်ကို ဆက်လက်ကျင်းပရာ "ရေရှည်တည်တံ့သောသယ်ယူပို့ဆောင်ရေးတွင် ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအစီအမံ (GDI) နှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုယန္တရား အစီအမံ(GGI) တို့ကို အကောင်အထည်ဖော်ခြင်း" ခေါင်းစဉ်အပေါ် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့် ပို့ဆောင်ရေးဝန်ကြီးများက အပြုသဘောထောက်ခံဆွေးနွေးကြပြီး "ကမ္ဘာလုံးဆိုင်ရာရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်" ကိုအတည်ပြုကြသည်။

ဖိုရမ်၏ ဒုတိယနေ့တွင် အထူးပြုဆွေးနွေးပွဲ (Thematic Session) များကို ခေါင်းစဉ်များအလိုက် ဆက်လက်ကျင်းပခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်အဆင့်မြင့်အရာရှိကြီးများက တက်ရောက်ခဲ့ကြသည်။

ဖိုရမ် တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် သီးခြားတွေ့ဆုံခဲ့ပြီး ပို့ဆောင်ရေးကဏ္ဍတွင် တရုတ်နိုင်ငံ၏ ပူးပေါင်းကူညီမှုဖြင့်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများနှင့် နှစ်နိုင်ငံသယ်ယူပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ပိုမိုတိုးမြှင့်သွားရန် ကိစ္စရပ်များနှင့်ပတ်သက်ပြီး အပြုသဘောဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဝန်ဆောင်မှုဌာနမှ တာဝန်ရှိသူ အဆင့်မြင့်အရာရှိများ ပါဝင်သောအဖွဲ့တို့ သီးခြားတွေ့ဆုံပြီး နှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ–တရုတ် နှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ "မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (Greater Mekong Subregion Cross-Border Transport Facilitation Agreement – GMS-CBTA)"ကို လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ဖက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ကျင်းပသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကိုဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ညီလာခံ (International Conference on Combating Online Scams)သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ညီလာခံဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး "ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်လာသော အွန်လိုင်းငွေလိမ်ဂိုဏ်းများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ညီလာခံသို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးကို အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် သတ်မှတ်ကာ ရာဇဝတ်ကွင်းဆက်များကို အမြစ်ပြတ်ချိုးဖျက်ရန် ခိုင်မာပြတ်သားစွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုညီလာခံ၏ ဆောင်ပုဒ် ဖြစ်သည့် Acting together towards breaking the chain and eradication of online scams (အွန်လိုင်းလိမ်လည်မှုများ အမြစ်ပြတ်ချေမှုန်းနိုင်ရေးနှင့် ရာဇဝတ်ကွင်းဆက်များကို ဖြတ်တောက် ချိုးဖျက်နိုင်ရေးအတွက် လက်တွဲညီညီ စုပေါင်းဆောင်ရွက်ခြင်း) ဟူသော မျှော်မှန်းချက်နှင့်အညီ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ရှေ့တန်းမှ တက်ကြွစွာပါဝင်လျက်ရှိပါကြောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးသည် အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ မျှဝေတာဝန်ယူမှုတို့ဖြင့် လက်တွေ့မြေပြင်တွင် ချက်ချင်းအရေးယူ ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ လက်တွဲညီညီ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ရာဇဝတ်ကွင်းဆက်အားလုံးကိုချိုးဖျက်နိုင်ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တွန်းလှန်တိုက်ဖျက်သွားနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Yang Weilin ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံခဲ့ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်နိုင်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sar Sokha နှင့် တွေ့ဆုံ၍ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအပါအဝင် နှစ်နိုင်ငံ ပြည်ထဲရေး ဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး မွန်းလွဲပိုင်းတွင် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံ ပိတ်ပွဲသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ မျှဝေဆွေးနွေးနိုင်ခဲ့ပြီး အပြုသဘော ဆောင်သည့် ရလဒ်များရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးအလည်အပတ် ခရီးရောက်ရှိနေသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Task Group မှ ဖျက်သင်္ဘော Tang Shan၊ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိနေစဉ် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစစ်ရေယာဉ်များပေါ်သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ရောက်ရှိရာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလာသော Senior Captain Xu Fang နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ဖျက်သင်္ဘော Tang Shan ပေါ်တွင် ရေယာဉ်တာဝန်ကျတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ယင်းနောက် စစ်ရေယာဉ်မှူးနှင့် တာဝန်ရှိသူများက ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့ပေါ်သို့ တက်ရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ တာဝန်ရှိသူတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

❑ ညောင်တုန်းကျွန်းတာမှ

(ရော၀တီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာ အနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂/၂) ပေ ၅၀၀ နှင့် (၁၂/၃)ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား ပေ ၃၀၀ ပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/၅) နှင့် (၁၁/၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးသည့်နေရာတွင် Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရော၀တီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြေမှ ထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာ မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၃ ခုနှင့် ကျေးရွာအချို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ဝန်ပန်းတာရေဝင်လမ်းကို Geobags အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက် Geobags အိတ်များချခြင်း၊ Jumbo Bag အိတ်များချခြင်းလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

## ၁၃၂ ကေဗွီ ရွှေစာရံ-ရတနာပုံ-အနီးစခန်း(ပြင်ဦးလွင်) ဓာတ်အားလိုင်းတွင် ကွဲအက်ကြွေသီးအစားထိုးလဲလှယ်ခြင်းနှင့် ဓာတ်အားကာကွယ်ရေး စက်ကိရိယာချို့ယွင်းမှုကို အစားထိုးတပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးပန်ကြား

**နေပြည်တော် စက်တင်ဘာ ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၃၂ ကေဗွီ ရွှေစာရံ-ရတနာပုံ-အနီးစခန်း (ပြင်ဦးလွင်)ဓာတ်အားလိုင်းတွင် ကွဲအက်ကြွေသီး အစားထိုးလဲလှယ်ခြင်း၊ ၁၃၂ ကေဗွီ အနီးစခန်းဓာတ်အားခွဲရုံရှိ အမ်ဗွီအေ ၆၀ ပင်မထရန်စဖော်မာတွင် တပ်ဆင်ထားသော ဓာတ်အားကာကွယ်ရေးစက်ကိရိယာချို့ယွင်းမှုကို အစားထိုး တပ်ဆင်ခြင်းစသည့် လုပ်ငန်းများကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြင်ဦးလွင်မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်၊ ကျေးရွာများ အချိန်လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ရေိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် သွေးအလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အင်အားဖြည့်စားသောက်ဖွယ်ရာများ၊ အားဆေးများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

၆၂နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၌ပြုလုပ်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၄၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သွေးပေါင်ချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စစ်ဆေးမှုများခံယူကြပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို အင်အားဖြည့် စားသောက်ဖွယ်ရာများ၊ အားဆေးများနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

အလားတူ ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံကြီးအတွင်း၊အပြင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ယင်းသို့ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြိတ်မြို့နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ကြည့်ရှုအားပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ဒလတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ လှည်းဘီးပရိယတ္တိစာသင်တိုက်၌ အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် ၈၈ ပါး၊ ဒေသခံပြည်သူဦးရေ ၁၅၀ တို့ကို အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များ၊ ဒေသခံပြည်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ခုနစ်ပါး၊ ဒေသခံပြည်သူဦးရေ ၁၁၀ တို့ကို အဆိုပါ ရပ်ကွက်ရှိ သမ္မတကမ်းခြေကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရုတ်-အာဆီယံနိုင်ငံများ တတိယအကြိမ် လူငယ်စာပေရေးရာဆွေးနွေးပွဲများ ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)သည် တရုတ်နိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ရာ ဟန်ကျိုးမြို့သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိသည်။ စက်တင်ဘာ ၁၈ရက်တွင် ဟန်ကျိုးမြို့ ကျန်ကျင်းစာပေတိုက်၌ တရုတ်-အာဆီယံနိုင်ငံများ တတိယအကြိမ် လူငယ်စာပေရေးရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တရုတ်နိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယားနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

နေ့လယ်ပိုင်းတွင် အန်ဂျီဒေသရှိ ကမ္ဘာ့ခရီးသွားဒေသ အချက်အချာကျရာ ယူဂက်ရွာနှင့် ထိုဒေသရှိ ရေပြာတောင်စီမံကိန်း၊ညနေပိုင်းတွင် ယူကန်၏ စိမ်းမြသောတောင်တန်းများမှ “ဝါးတစ်ပင်၏ ဂီတသံစဉ်” ခေါင်းစဉ်ဖြင့် တရုတ်-အာဆီယံ နိုင်ငံများမှ ကဗျာဆရာ ၁၆ ဦးက နိုင်ငံအလိုက် ကဗျာရွတ်ဆိုပွဲကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက “ကိုတံငါ၏ အားမာန်” ကဗျာကို ရွတ်ဆိုခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင် ယူဂန်ဒေသ၏ ပန်းချီပန်းပုပြခန်းများနှင့် ချောင်ကျင်းဒေသရှိ နာမည်ကျော်ထိုက်ဟူရေကန်ကြီးကိုလည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်တွင် နန်းရွှင်မြို့ရှိ ပန်းချီစုတ်တံများထုတ်လုပ်သည့် စက်ရုံနှင့် ပြခန်းများသို့လည်းကောင်း၊ ရှေးဟောင်းသမိုင်းဝင်နေရာများသို့ လည်းကောင်း၊ စက်တင်ဘာ၂၁ ရက်တွင် နန်းရွှင်သတင်းစာတိုက်သို့လေ့လာခဲ့သည်။ နေ့လယ်ပိုင်းတွင် “ကျန်းကျင်းဒေသ၏ အလှတရား” ခေါင်းစဉ်ဖြင့် စာပေရေးရာများကို အလှည့်ကျ ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ China ASEAN Artificial Intelligence Innovation and Coop-eration Center သို့လည်းကောင်း၊ နေ့လယ်ပိုင်းတွင် မီးကျန်းစာပေ အကယ်ဒမီစင်တာ၌ ကျင်းပသော တရုတ်-အာဆီယံ အပြန်အလှန်ဘာသာပြန်ထုတ်ဝေရေး ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။ ညနေပိုင်းတွင် China ASEAN Mercantile Exchange သို့ သွားရောက်၍ တရုတ်နိုင်ငံနှင့် အာဆီယံ ၁၁ နိုင်ငံအပြင် ပါကစ္စတန်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ နယူးဇီလန်နိုင်ငံတို့၏ နိုင်ငံအလိုက်ထုတ်ကုန်များ ခင်းကျင်းပြသထားမှုများကို လေ့လာခဲ့ကြသည်။

စက်တင်ဘာ ၂၃ ရက်တွင် ကွမ်ရှီးယဉ်ကျေးမှုတက္ကသိုလ်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ ဂီတအနုပညာတူရိယာများကို ပေါင်းစပ်တီးမှုတ်ဖျော်ဖြေမှုများကို ကြည့်ရှုလေ့လာသည်။

နေ့လယ်ပိုင်းတွင် ကွမ်ရှီးစာရေးဆရာအသင်း၏ Degital Exhibition Hallတွင် တရုတ်-အာဆီယံလူငယ်စာပေ ဆွေးနွေးပွဲ ရှေ့လုပ်ငန်းစဉ်များကို သုံးသပ်အကြံပြုဆွေးနွေးပြီး မြန်မာနိုင်ငံစာရေး ဆရာအသင်းဥက္ကဋ္ဌက အာဆီယံနိုင်ငံများ အားလုံးကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ညပိုင်းတွင် ရောင်ကျင်းမြစ်ပေါ်တွင် အပျော်စီးသင်္ဘောကြီးဖြင့် “အစိမ်းရောင်တောင်တန်းများအကြားက ရောင်ကျင်းမြစ်၏ ဒီရေစီးသံ”အမည်ဖြင့် ဂုဏ်ပြုညစာစားပွဲကျင်းပရာ အစည်းအဝေးသို့ တက်ရောက်လာသော တရုတ်-အာဆီယံ စာရေးဆရာများက တေးသီချင်းများ သီဆို၍ တရုတ်-အာဆီယံလက်တွဲညီ အပြန်အလှန်ချစ်ခင်မည်ဟု ကြွေးကြော်ခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် ဒလမြို့နယ်စာရေး ဆရာအသင်းဥက္ကဋ္ဌ ဦးမင်းမင်းထိုက်(မြတ်မင်းသန့်)တို့သည် စက်တင်ဘာ ၂၄ ရက်တွင် နန်နင်းမြို့မှ ကွမ်ကျိုးမြို့၊ စက်တင်ဘာ ၂၅ ရက်တွင် ကွမ်ကျိုးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ စက်တင်ဘာ ၂၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံအရှေ့ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ကိုးဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း ၁၂ ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ငါန်းဇွန်မြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူက"ဂရန်ရရှိသင့်သူများ ဂရန်ထုတ်ပေးနိုင်ရေးအတွက် လေ့လာစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစိစစ်ဆောင်ရွက်ပေးရေး" အဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ ယင်းအဆိုကို ဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်၏ သဘောထားရယူခြင်းတို့ဆောင်ရွက်ရာ လွှတ်တော်က သဘောတူသည့်အတွက် အဆိုနှင့်ပတ်သက်၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်နေ့ရက်ကို ကြေညာသည်။

တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားခဲ့ပြီး အစည်းအဝေး စတုတ္ထနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**မြင့်မော်ထွန်း(ပြန်/ဆက်)**

## ၂၅-၉-၂၀၂၄ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၉၅၈,၅၉၅.၃၉ | ၅၆,၉၃၇,၄၅၄.၉၃ | ၄၄,၉၂၃,၂၀၇.၅၈ | |

**၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၃၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့
INTERNATIONAL DAY OF OLDER PERSONS
သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်
" The Age of Longevity: Rethinking Systems for Longer Lives"
၁.၁၀.၂၀၂၄ နေပြည်တော်

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

**နေပြည်တော် စက်တင်ဘာ ၂၅**

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အမှတ်(၁၇၁)၊ အပိုင်း ၄၊ ၈ လမ်း ငမိုးရိပ်ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်မြို့လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းဖြင့် ရှာဖွေတွေ့ရှိရသော တိုင်းရင်းဆေးဝါးများဖြစ်သည့် အာရှရွှေကြယ်အမှတ်တံဆိပ် အဆစ်အမျက်ရောင်ရောဂါသောက်ဆေး (ဆေးမှုန့်၊ဆေးထုပ်)၊ အာရှရွှေကြယ်အမှတ်တံဆိပ် ချောင်းဆိုးရင်ကျပ်သောက်ဆေး(ဆေးမှုန့်၊ဆေးထုပ်)၊ ရတနာဖြိုးအမှတ်တံဆိပ် အဆစ်ရောင်ရောဂါသောက်ဆေး (ဆေးမှုန့်၊ဆေးထုပ်)နှင့် ဆေးတံဆိပ်ပါဝင်ခြင်းမရှိသော ဆေးမှုန့်၊ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါး(Paracetamol)ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှရွှေကြယ် | အဆစ်အမျက်ရောင်ရောဂါသောက်ဆေး | ဆေးမှုန့်/ထုပ် | အမှတ် ၁၇၁၊ အပိုင်း ၄၊ ၈ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ | Paracetamol |
| ၂။ | အာရှရွှေကြယ် | ချောင်းဆိုးရင်ကျပ်သောက်ဆေး | ဆေးမှုန့်/ထုပ် | | |
| ၃။ | ရတနာဖြိုး | အဆစ်ရောင်ရောဂါသောက်ဆေး | ဆေးမှုန့်/ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ်ဖော်ပြထားခြင်းမရှိ | | ဆေးမှုန့်/ထုပ် | | |




**Paracetamol ရောနှောသည့် ဆေးတံဆိပ်နမူနာများ**

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။

❖ ဥပဒေဘောင်အတွင်းဝင်ရောက်မှ

လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၂၃ ဦးကို လက်ခံကြိုဆိုခြင်းနှင့် ဆုကြေးငွေများ ထောက်ပံ့ပေးခြင်း အခမ်းအနားကိုကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကို အသိပညာပေးစကားပြောကြားခဲ့သည်။ ထို့နောက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများကိုအပ်နှံကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဆုကြေးငွေနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားပေးစကားပြောကြားခဲ့ပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်း အပ်နှံပေးသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ နတ္တလင်းမြို့မှ အမျိုးသား တစ်ဦး၊ သံတောင်ကြီးမြို့မှ အမျိုးသား နှစ်ဦး၊ ဖြူးမြို့မှ အမျိုးသား တစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား လေးဦး၊ မင်းလှမြို့မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ပြည်မြို့မှ အမျိုးသား တစ်ဦး၊ အုတ်တွင်းမြို့မှ အမျိုးသား နှစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား လေးဦး စုစုပေါင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၂၁ ဦး၊ အမျိုးသမီး နှစ်ဦးတို့ကို ၎င်းတို့နှင့်အတူပါရှိလာသော မောင်းပြန်ရိုင်ဖယ်သေနတ် ငါးလက်၊ ပစ္စတိုသေနတ် တစ်လက်၊ လက်ပစ်ဗုံး ငါးလုံး၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအတွက် ဆုကြေးငွေအဖြစ် မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ငါးလက်အတွက် ငွေကျပ်သိန်း ၂၅၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ်သိန်း ၃၀၊ လက်ပစ်ဗုံးတစ်လုံးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငါးလုံးအတွက် ၁၅ သိန်း၊ အလင်းဝင်သူတစ်ဦးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၂၃ ဦးအတွက် ၄၆ သိန်း စုစုပေါင်း ငွေကျပ်၃၄၁ သိန်းကို ထောက်ပံ့ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံခဲ့ရကြောင်း၊ ထိုပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲနေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက်အနိုင်ကျင့် ဗိုလ်ကျခြင်း၊ လူမျိုးရေးခွဲခြားဆက်ဆံရခြင်း၊ အဆင့်အတန်း ခွဲခြားဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များ ဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်းမရှိခြင်း၊ အသက်ရှင်သန်ရေးအတွက် အခက်အခဲဒုက္ခမျိုးစုံကြားမှ ထွက်ပြေး တိမ်းရှောင်နေရခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် စိတ်ဓာတ်များ ကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို နွေးထွေးစွာပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"အသက်ကတော့ ၁၇ နှစ်ပါ။ အိမ်နဲ့စိတ်ဆိုးပြီးတော့ သူငယ်ချင်းခေါ်လို့ လိုက်သွားခဲ့တာဖြစ်ပါတယ်။ အနေဆင်းရဲ အစားဆင်းရဲနဲ့ ဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရပါတယ်။ လူငယ်တစ်ယောက်ကို အခွင့်အရေးမပေးဘဲ သူတို့သတ်မှတ်ထားတဲ့ စည်းကမ်းအောက်မှာပဲ သွားရတာဆိုတော့ ကိုယ်လဲ ကျောင်းတွေဘာတွေ ပြန်တက်ချင်တာနဲ့ အလင်းဝင်ဖို့ စတင်ဆုံးဖြတ်ခဲ့တာပါ။ ပထမဦးဆုံး တစ်ခါတုန်းက ပြန်မိသွားလို့ ပြန်ထိန်းသိမ်းခံထားခဲ့ရပြီး ဒုတိယတစ်ခါမှာတော့ ခုညကပဲ ဆက်သွယ်ပြီး ညတွင်းချင်းတန်းပြီးတော့လာခဲ့တာ သူငယ်ချင်းသုံးယောက် တစ်ယောက်တစ်လက်နဲ့ လာရောက်ခဲ့တာဖြစ်ပါတယ်။ သတ်မယ်၊ ဖြတ်မယ်ဆိုတဲ့သတင်းများတွေ ကြုံဖူးခဲ့ပေမယ့်အခုတော့ ကောင်းကောင်းမွန်မွန်ပဲ စားသောက်ရပြီး နေရထိုင်ရတာလဲ လက်ဖျားနဲ့တောင်မထိပါဘူး။ ညတွင်းချင်းဆက်သွယ်ပြီး တန်းရောက်လာခဲ့တာ အိမ်ပြန်ရတော့မယ်ဆိုတော့ ညတောင် အိပ်မပျော်ပါဘူး။ ဒါကြောင့် အမြန်ဆုံး အလင်းဝင်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ကိုယ့်အသက်ကို အလကားသက်သက် အဆုံးရှုံးမခံဘဲ အိမ်မှာ မိဘတွေစောင့်နေကြတာကိုသတိရကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှုစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှုစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# PDF အမည်ခံ အကြမ်းဖက်သမားများဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျောင်းသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များပေါ်ထွန်းလာမှုကို နှောင့်ယှက်ရန်ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ၊ ဆရာမများကို DCS (Disloyalty Civil Servant) ပြုလုပ်ရန်နှင့် ၎င်းတို့အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများကို အကြောင်းမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စာသင်ကျောင်းများကို Drop Bomb ချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော Grade-7 မှ ကျောင်းသား ခြောက်ဦးတို့သည် စက်တင်ဘာ ၂၂ ရက်တွင် နံနက်ပိုင်း အတန်းတက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းအတန်းချိန်တွင် ပျက်ကွက်လျက်ရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ စုံစမ်းရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ သကန်းတုန်းကျေးရွာလမ်းဆုံတွင် PDF အမည်ခံ အကြမ်းသမားများက အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။




PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများဖမ်းဆီးခေါ်ဆောင်သွားသည့် ကျောင်းသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့မှုပြမြေပုံ။

အဆိုပါဖမ်းဆီးခြင်းခံရသည့် ကျောင်းသားများကို ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ကျောင်းသား နှစ်ဦးကို စက်တင်ဘာ ၂၄ ရက် နေ့လယ်ပိုင်းတွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး အဆိုပါကျောင်းသားများ၏ ဖြေကြားချက်အရ ၎င်းတို့ ခြောက်ဦးသည် စက်တင်ဘာ ၂၂ ရက်တွင် ဆိုင်ကယ် သုံးစီးဖြင့် ထားဝယ်မြို့ သကန်းတုန်းကျေးရွာရှိ ရေတံခွန်သို့ သွားရောက်လည်ပတ်ခဲ့စဉ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မော်တော်ယာဉ်တစ်စီးဖြင့် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ပကာရီကျေးရွာအုပ်စု ပခပ်ကျေးရွာအနီးရှိ ဥယျာဉ်ခြံအတွင်း၌ ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြောင်း၊ ဖမ်းဆီးခံထားရသူများအနက် ၎င်းတို့နှစ်ဦးကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပကာရီကျေးရွာအဝင်လမ်းတွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖမ်းဆီးထားသော ကျန်ရှိသည့် ကျောင်းသား လေးဦးကို အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် သဗျာကျေးရွာအနီး ပြန်လည်ရှာဖွေတွေ့ရှိခဲ့သဖြင့် ၎င်းတို့၏မိသားစုဝင်များထံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် Grade -12 မှ မောင်နိုင်းအံ့လူ အပါအဝင် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် အရပ်သား တစ်ဦးတို့သည် မောင်းမကန်ကမ်းခြေရှိ စားသောက်ဆိုင် တစ်ဆိုင်၌ နေ့လယ်စာ စားနေစဉ် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ၁၅ ဦးခန့်သည် အရပ်ဝတ်များဖြင့် ရောက်ရှိလာပြီး မောင်နိုင်းအံ့လူနှင့် အရပ်သားတစ်ဦးတို့ကို အကြောင်းမဲ့ဖမ်းဆီးပြီး လောင်းလုံးမြို့နယ် ကျောက်ဆင်ကျေးရွာဘက်သို့ အတင်းအဓမ္မခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးနှိပ်စက်ခြင်းများကို ဆောင်ရွက်ခဲ့သည့် အကြမ်းဖက်သမားများကို ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းတို့၏ လူမဆန်သောလုပ်ရပ်များကို သတင်းရရှိပါက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့နိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဖ၀၁)

◆ **အလိုရှိတရားခံပြေးမှ**

ဇူလိုင် ၆ ရက်တွင် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီး၌ တရားခံနှစ်ဦးနှင့်အတူ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဒလမြို့ ရန်ကုန်မြစ်ကမ်းဘေးရှိ မိဘမေတ္တာ စက်လှေပေါ်မှ တရားခံ ၁၀ ဦးနှင့်အတူ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၃၁၀ ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ဘီလီယံ ၂၀ ကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၈၁၀ ကို ပင်လယ်ရေကြောင်းအသုံးပြု၍ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိုက်စ်(မက်သ်အဖက်တမင်း) များကို ပင်လယ်ရေကြောင်းအသုံးပြု၍ နိုင်ငံဖြတ်ကျော် မူးယစ်မှုခင်းကျူးလွန်သူ အဓိကတရားခံမှာ မှော်ဘီမြို့နယ် ညောင်ပင်သာရွာနေ ဝီလျံထွန်းကုမ္ပဏီ ပိုင်ရှင် ဝေထွန်း ၄၈ နှစ်ဖြစ်ပြီး ၎င်းမှာ ဇွန် ၂၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က မလေးရှားနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့သို့ သတင်းဖလှယ်ခဲ့ရာ ၎င်းကို မလေးရှားနိုင်ငံက စောင့်ကြည့်နေစဉ် ဇူလိုင် ၈ ရက်တွင် မလေးရှားနိုင်ငံ Ferry Port ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့တို့သို့ ဆက်လက်သတင်းဖလှယ်ခဲ့သည်။

ထိုသို့ သတင်းဖလှယ်ချက်အရ ဩဂုတ် ၉ ရက်တွင် စင်ကာပူနိုင်ငံမှ လေကြောင်းဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ဗီယက်နမ်နိုင်ငံသို့ ဆက်လက်သတင်းဖလှယ်ခဲ့ရာ စက်တင်ဘာ ၁ ရက်တွင် မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ဝေထွန်းကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို စက်တင်ဘာ ၂၄ ရက် ဗီယက်နမ်နိုင်ငံ ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် Pol. Sr. Col. Hoang Tam Hieu ဦးဆောင်သည့် အဖွဲ့က ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ချမှတ်ပြီး ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ယခုကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အလိုရှိတရားခံပြေး ဝေထွန်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ၁၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးတို့ကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေသည့်အပြင် နိုင်ငံဖြတ်ကျော် မူးယစ်မှုခင်းများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးများကို အပြန်အလှန်ဖော်ထုတ် ဖမ်းဆီးလွှဲပြောင်းပေးခြင်းသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (ဖ၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် ''Min Thu'' Facebook အကောင့်နှင့် "ချစ်သမီးလေးအဖေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမ်းနီကျေးရွာနေ ညိုမင်းသူ ခေါ် မင်းသူခေါ် ပြောင်ကြီးကို ည ၉ နာရီ ၂၅ မိနစ်တွင် အင်းတကော်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်မြောက် အာဆီယံဒစ်ဂျစ်တယ်အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေးဥပဒေပြုကောင်စီ ခေါင်းဆောင်များ အလွတ်သဘော အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများကို ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကဦးဆောင်၍ စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်ထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပခဲ့သည်။

စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် အာဆီယံဒေတာ ကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ Industry Engagement စကားဝိုင်းဆွေးနွေးပွဲကို "The Importance of Data Protection in Digital Transformation" နှင့် "Data Protection and Privacy in AI Era" ခေါင်းစဉ်တို့ဖြင့်ကျင်းပရာ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)၊ မြန်မာနိုင်ငံဘဏ်များအသင်း (MBA)၊ မိုဘိုင်းအော်ပရေတာများနှင့် ဆိုက်ဘာလုံခြုံရေး ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အေအိုင်ခေတ်တွင် ဒေတာကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုများ၏ အရေးပါမှု၊ ကိုယ်ရေးအချက်အလက်လုံခြုံရေးအတွက် အစိုးရ၊ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုပေးသူများနှင့် ပြည်သူများက တာဝန်ယူဆောင်ရွက်ရန် လိုအပ်မှု၊ အာဆီယံ ဒေတာကာကွယ်ရေးမူဘောင်များနှင့်အညီ ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ၉ ကြိမ်မြောက် အာဆီယံ ဒေတာကာကွယ်ရေးနှင့် ပုဂ္ဂိုလ်ရေးလုံခြုံမှုဆိုင်ရာ ဖိုရမ်ကို ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ နိုင်ငံဖြတ်ကျော်ဒေတာလွှဲပြောင်းပေးပို့ရာတွင် လုံခြုံစိတ်ချမှုရှိစေရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် ဒစ်ဂျစ်တယ်ကွန်ရက်ပိုင်ဆိုင်သူများကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပသည့် ၃၂ ကြိမ်မြောက် အာဆီယံဆက်သွယ်ရေး ဥပဒေပြုကောင်စီ အစည်းအဝေးနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အာရှ-ပစိဖိတ်ကြေးနန်း ဆက်သွယ်ရေးအဖွဲ့ (အေပီတီ)တို့နှင့် ပူးပေါင်းအစည်းအဝေးများတွင် အာဆီယံဒေသအတွင်း ဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေဒီယိုလှိုင်းနှုန်းစဉ်စီမံခန့်ခွဲရေး၊ အရေးပေါ်ဆက်သွယ်ရေးနှင့် ဉာဏ်ရည်တုနည်းပညာအသုံးချမှု စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အလားတူ စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဒုတိယအကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဆက်သွယ်ရေး ဥပဒေပြုကောင်စီ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးတို့ ကျင်းပခဲ့ပြီး အာဆီယံဒေသတွင်း ကွန်ရက်လုံခြုံရေး၊ ဒစ်ဂျစ်တယ်ဒေတာစီမံခန့်ခွဲရေး၊ ပင်လယ်ရေအောက် ဆက်သွယ်ရေးကေဘယ်ကြွံ့ခိုင်မှုအစီအစဉ်များ ဆောင်ရွက်ရေး၊ အွန်လိုင်းလိမ်လည်မှုများ တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးများကို အာဆီယံဒေသအတွင်း ယုံကြည်မှုပြည့်ဝပြီး အားလုံးပါဝင်နိုင်သော ဉာဏ်ရည်တုနည်းပညာ (AI)ဖြင့်မောင်းနှင်သည့် ဒစ်ဂျစ်တယ်စနစ်ကို တည်ဆောက်နိုင်ရေးအတွက် လက်တွေ့ကျပြီး အနာဂတ်ကိုရှေးရှုသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရန်နှင့် ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာမူဝါဒနှင့် ဥပဒေများ တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒစ်ဂျစ်တယ်အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အာရှ-ပစိဖိတ်ကြေးနန်းဆက်သွယ်ရေးအဖွဲ့ (အေပီတီ) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးများကို မြန်မာနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

✱ ချေမှုန်းနိုင်ခဲ့မှ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အကူအညီများရယူပြီး PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများကို ရှေ့တန်းတင်အသုံးချကာ မြို့ရွာများအတွင်း လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူများကို ညှဉ်းပန်းနှိပ်စက်ကာ တိုက်ပွဲများဖော်ဆောင်ခဲ့ကြသည်။

PDF အမည်ခံအဖွဲ့အစည်းအမျိုးမျိုးမှ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများတွင် အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာစေရန်နှင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို အကြောက်တရား လွှမ်းမိုးစေရန်ရည်ရွယ်လျက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ သာသနိကအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စက်ရုံ၊ အလုပ်ရုံများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့၏လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် ဒေသခံများကို အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ စာသင်ကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများတွင် ယာယီခံစစ်များပြုလုပ်ခြင်း၊ ဘန်ကာများဆောက်လုပ်၍ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများ လုပ်ဆောင်ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ၎င်းတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေထိုင်ခဲ့ကြရသည်။

အေးချမ်းစွာ လုပ်ကိုင်နေထိုင်လိုသည့် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် အချင်းချင်း ဗိုလ်ကျနှိပ်စက်မှုကိုခံနေရပြီး အကြမ်းဖက်လုပ်ရပ်များကို မနှစ်မြို့တော့သည့် အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့ဝင်အချို့အနေဖြင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ တရားဥပဒေမဲ့ ကျူးလွန်လျက်ရှိသော အကြမ်းဖက်လုပ်ရပ်များကို လွန်စွာစက်ဆုပ်ရွံရှာ မုန်းတီးလျက်ရှိကြပြီး လက်ခံနိုင်ခြင်း မရှိတော့သည့်အတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို နီးစပ်ရာတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ တာဝန်သိစိတ်အပြည့်ဖြင့် လာရောက်သတင်းပေးပို့ခဲ့ကြကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါတာဝန်သိပြည်သူများနှင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အတွင်းလူအချို့၏ သတင်းပေးပို့မှုများကို စနစ်တကျစိစစ်ပြီး အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်နယ်စပ်ရှိ NUG အကြမ်းဖက်အဖွဲ့များခိုအောင်းရာ ၎င်းတို့၏အခေါ်အရ အထူးတိုင်းစစ်ဌာနချုပ်နေရာကို လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများနှင့် ဝေဟင်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ သေဆုံးထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုကို တပ်မတော်စစ်ကြောင်းများက စနစ်တကျ ထောက်လှမ်းလေ့လာပြီး ဝေဟင်မှ ထိရောက်စွာချေမှုန်းနိုင်ခဲ့မှုကြောင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိမှုမရှိဘဲ တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးမှုများ ပျက်စီးထိခိုက်မှုများစွာဖြစ်ပေါ်အောင် လုပ်ဆောင်ခဲ့ကြသည့် DCS စစ်ပြေး နေဝင်းအောင်မှာ သေဆုံးခဲ့ပြီး DCS စစ်ပြေး တင်လင်းအောင်နှင့် NUG အထူးတိုင်းစစ်ဌာနချုပ်မှ တိုင်းကွပ်ကဲရေးမှူးအဆင့်ရှိသူ အောင်စံရှားတို့အပါအဝင် NUG အကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်အချို့နှင့် အဖွဲ့ဝင်များ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းများနှင့် ထိခိုက်သေဆုံးခြင်းများစွာ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ DCS စစ်ပြေးနှစ်ဦးဖြစ်သည့် နေဝင်းအောင်နှင့် တင်လင်းအောင်တို့သည် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ပြီး အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များထံ ခိုလှုံ၍ နိုင်ငံတော်နှင့် တပ်မတော်၏ ကျေးဇူးသစ္စာကို အကြိမ်ကြိမ်စော်ကားခဲ့ကာ သစ္စာရှိစွာဖြင့် နိုင်ငံတော်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအပေါ် ဆဲရေးတိုင်းထွာခြင်း၊ သစ္စာမဲ့လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်ခဲ့သူများဖြစ်သောကြောင့် ယခုကဲ့သို့ သစ္စာစူး၍ ဘဝနိဂုံးချုပ်ကြရသူများဖြစ်ကြောင်း ပြည်သူလူထုကြား ပြစ်တင်ရှုတ်ချ ဝေဖန်ပြောဆိုမှုများစွာ ဖြစ်ပေါ်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် NUG၊ CRPH တို့၏ သွေးထိုးမြှောက်ပင့်မှုများကို နားယောင်ပြီး အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေခြင်းများသည် အဆိုပါဒေသအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများတွင် များစွာနောက်ကျစေခြင်း၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးနှင့် ဘဝတက်လမ်းကိုများစွာထိခိုက်နစ်နာစေခြင်းတို့ ဖြစ်ပေါ်လျက်ရှိသဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်လိုသည့် တာဝန်သိ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ် အကျိုးပြုလိုပါက နီးစပ်ရာလုံခြုံရေးစခန်းများနှင့်ချိတ်ဆက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုနေထိုင်မှုလှုပ်ရှားသွားလာမှုနှင့် အကြမ်းဖက်လုပ်ရပ်များ ဥပဒေမဲ့ကျူးလွန်မှုစသည့် သတင်းများကို လျှို့ဝှက်စွာပေးပို့တိုင်ကြားနိုင်ပြီး သတင်းပေးပို့လာသူကို ထိုက်တန်သည့်ဆုကြေးများကို လျှို့ဝှက်စွာချီးမြှင့်ပေးအပ်လျက်ရှိသည်။ ယခုဖြစ်စဉ်တွင် တပ်မတော်အနေဖြင့် ဝေဟင်နှင့် မြေပြင်တို့မှ တိကျစွာချေမှုန်းတိုက်ခိုက်နိုင်ခဲ့ခြင်းသည် အကြမ်းဖက်မှုများကို မလိုလားသည့် အတွင်းသတင်းပေးများ၏ တိကျသောသတင်းပေးပို့ဆောင်ရွက်နိုင်ခဲ့မှုကြောင့်ဖြစ်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံနှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူများကို မည်သည့်ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာဖြင့် ဥပဒေမဲ့ကျူးလွန်ခြင်းမရှိစေရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism Operation)ကို တာဝန်သိဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သလိုဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**တန့်ဆည် စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၇၂၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ ပန်းမုန်လာ စတဲ့သီးနှံတွေ စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမှာပါ"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ RBF စီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သနပ်ပင် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အငယ်စား၊ အလတ်စား၊ အသေးစား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဖရဲကျေးရွာအုပ်စု ဖရဲကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဖရဲကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖရဲကျေးရွာ၌ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေသည့် Lucky fish၊ Golden fish၊ Star fish၊ Yellow fish အဖွဲ့တို့ကို တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

**နွဲ့ယဉ်**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

- (က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
- ( ခ ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
- ( ဂ ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
- (ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
- ( င ) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
- ( စ ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
- (ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
- ( ဇ ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
- ( ခ ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
- ( ဂ ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- (ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
- ( င ) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- ( စ ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
- (ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
- ( ဇ ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

- (က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
- ( ခ ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀ -၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

- (က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
  မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ - ၆၀၂၇၈)
- ( ခ ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
  မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ - ၇၄၂၇၄)
- ( ဂ ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
  သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသောဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက်သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့်အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူလက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြားသတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**







## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပညာကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင်ပညာသင်ကြားနေသော မသက်စုအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမြင့်အောင်** ဖြစ်ပါကြောင်း။ **ဦးမြင့်အောင်(၅/ဝလန(နိုင်)၀၆၇၈၂၀)**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက(၂၄)၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးခင်မောင်မြင့်၏သမီး မဖြူစင်ဖွေးအား **မဖြူဇင်ဖွေး** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဖြူဇင်ဖွေး(၉/မဟမ(နိုင်)၀၈၂၄၆၂)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အလက-လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မမေမှူးပိုင်၏ ဖခင်အမည်မှန်မှာ **ဦးအင်ဆိုင်းခွန်** ဖြစ်ပါကြောင်း။

**ဦးအင်ဆိုင်းခွန်(၉/ခအဇ(နိုင်)၀၁၃၂၂၇)**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်၊ KTN ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မအိမ့်နဒီဖူး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ခိုင်ဝင်း** ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်ဝင်း(၅/စကန(နိုင်)၁၈၅၆၅၂)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ပင်မကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ညီဘုန်းဆက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးအောင်ကျော်စိုး** ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်စိုး(၁၃/ကမန(နိုင်)၀၆၅၂၁၉)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)မှိုင်းပန်ကျောင်း၊ Grade-5 တန်းတွင် ပညာသင်ကြားနေသော မစုစန္ဒီထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကိုလွင်** ဖြစ်ပါကြောင်း။

**ဦးကိုလွင်(၉/တတဥ(နိုင်)၀၈၂၈၉၈)**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ထွေး၏သား မောင်ကောင်းခန့်ဟိန်း၏အမည်မှန်မှာ **မောင်အောင်ခန့်ဟိန်း** ဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂-၈-၂၀၁၃ ဖြစ်ပါကြောင်း။ **မောင်အောင်ခန့်ဟိန်း၊ ၂-၈-၂၀၁၃**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အထက(၁)၊ Grade-4(B)တွင် ပညာသင်ကြားနေသော မောင်သန့်ဇင်ကိုကို၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးရဲဇော်ထက်** ဖြစ်ပါကြောင်း။

**ဦးရဲဇော်ထက်(၉/အမရ(နိုင်)၁၅၂၁၁၇)**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပိုးတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၇/က)၊ အကွက်အမည် **မြောက်တံခါး**ကွင်း ဦးပိုင်အမှတ်(**၂၈/ဖ**)၊ ဧရိယာ (**၀.၁၂၁**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၂၈/ဗ
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၇/က-၁၊ ၂၇/က-၂၊ ၂၇/ခ၊ ၂၈/ပ-၁၊ ၂၈/ပ-၂
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်-၂၈/ပ-၂
(ဃ) မြောက်လားသော် - ကားလမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခိုင်ဇာဖြူ** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မိုးဇာ**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည် **ပုဏ္ဏားစု**ကွင်း ဦးပိုင်အမှတ်(**၂/င**)၊ ဧရိယာ (**၀.၀၆၁**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၄/ခ
(ခ) အနောက်လားသော် - ကားလမ်း
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂/ဃ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်မိုးသီရိမြတ်၊ မောင်ဘုန်းတေဇာမြတ်၊ မောင်ဒိတ်တေဇာမြတ်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**ရတနာပုံ**
**ယနေ့ဖတ်စရာ**

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ ကျင်းပ**

စာမျက်နှာ - ၉

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများကိုတိုင်းစစ်ဌာနချုပ်ဇေယျာသီရိခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်သားဘဝသည် နေရာတစ်နေရာတည်းတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရမည်ဟု မှတ်ယူ၍မရဘဲ စေလွှတ်သည့်နေရာ၊ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်ရန် အမြဲအသင့်ဖြစ်နေရန်လိုကြောင်း၊ မည်သည့်တပ်ဖွဲ့မဆို ခြေလျင်တပ်ဖွဲ့ကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် လေ့ကျင့်တည်ဆောက်နေရန်လိုကြောင်း၊ ပြည်သူလူထုက တပ်မတော်အပေါ် ယုံကြည်မှု၊ ချစ်ခင်မှုရှိအောင် စာမျက်နှာ ၁၉ ကော်လံ ၁ ☆

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ၂၃ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုကို လက်ခံကြိုဆိုခြင်းနှင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၅

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ

စာမျက်နှာ ၂၆ ကော်လံ ၁ ❖

# တာဝန်သိပြည်သူများနှင့် အတွင်းသတင်းပေးများ၏ ပူးပေါင်းမှုဖြင့် တပ်မတော်က အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုနေရာကို ထိရောက်စွာချေမှုန်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၅

CRPH၊ NUG အကြမ်းဖက်အုပ်စုများ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ စတင်ခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ တိုက်ပွဲစဉ်များ၏ နောက်ဆက်တွဲအခြေအနေများကို အခွင့်ကောင်းယူ၍ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် ၎င်းတို့၏ စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းလုပ်ဆောင်ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ဖြင့် ရယူရန်အတွက်

စာမျက်နှာ ၂၈ ကော်လံ ၁ ✱

# မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး တစ်ဦးကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံတွင် ပင်လယ်ရေကြောင်းအသုံးပြု၍ နိုင်ငံဖြတ်ကျော်မူးယစ်ပြစ်မှု ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူတစ်ဦးကို ဗီယက်နမ်နိုင်ငံက ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းကို ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ ◆

မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး ဝေထွန်းကို လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။



**ရတနာပုံ**
**ယနေ့ဖတ်စရာ**

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**

စာမျက်နှာ - ၁၈

**PDF အမည်ခံ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ကျောင်းသားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့**

စာမျက်နှာ - ၂၇